## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## (၂၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်**

**(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။**    ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၆၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၄၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။**    ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။**    ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။**    ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ် မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့တွင် အစည်းအဝေးမတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော် ခွင့် ၁ ရက်၊

(၂) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၅ ရက်၊

(၃) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၄) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၅) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၅ ရက်၊

(၆) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၇) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၂၆ ရက်၊

(၈) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၃ ရက်၊

(၉) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၁၀) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၁၁) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၁၂) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၂ ရက်၊

(၁၃) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၂ ရက်၊

(၁၄) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၅ ရက်၊

(၁၅) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၅ ရက်၊

(၁၆) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း ခွင့် ၁ ရက်၊

(၁၇) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၅ ရက်၊

(၁၈) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၉) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၅ ရက်၊

(၂၀) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၂ ရက်၊

(၂၁) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၂၂) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၅ ရက်၊

(၂၃) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၁ ရက်၊

(၂၄) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၅ ရက်၊

(၂၅) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၁ ရက်၊

(၂၆) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၂ ရက်၊

(၂၇) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၅ ရက်၊

(၂၈) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၅ ရက်၊

(၂၉) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၁ ရက်၊

(၃၀) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊

(၃၁) မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၅ ရက်၊

**မူကြမ်း**

(၃၂) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၁ ရက်၊

(၃၃) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၁ ရက်၊

(၃၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၃ ရက်၊

(၃၅) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင် ခွင့် ၁ ရက်၊

(၃၆) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၂ ရက်၊

(၃၇) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်၊

(၃၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း ခွင့် ၁ ရက်၊

(၃၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးဉာဏ်နိုင် ခွင့် ၂ ရက်၊

(၄၀) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း ခွင့် ၂ ရက်၊

(၄၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၅ ရက်၊

(၄၂) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၅ ရက်၊

(၄၃) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းကျော်နီ ခွင့် ၁ ရက်၊

(၄၄) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၅ ရက်၊

(၄၅) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၅ ရက်၊

(၄၆) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၁ ရက်၊

(၄၇) လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း ခွင့် ၁ ရက်နှင့်

(၄၈) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်

သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နတ်မတောင် အမျိုးသားဥယျာဉ်အား ဇီဝအဝန်းအဝိုင်း ထိန်းသိမ်းရေးနယ်မြေ (Biosphere Reserve) အဖြစ် ထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးစွာ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ နတ်မတောင် အမျိုးသားဥယျာဉ်အား ဇီဝအဝန်းအဝိုင်းထိန်းသိမ်းရေးနယ်မြေ (Biosphere Reserve) အဖြစ် ထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နတ်မတောင် အမျိုးသားဥယျာဉ်ကို ၁၉၉၄ ခုနှစ်မှာ စတင်တည်ထောင်ပြီးတော့ ၂၀၁၀ ခုနှစ်မှာ နိုင်ငံတော်က အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ အရှေ့တောင်အာရှဆိုင်ရာ သဘာဝအမွေအနှစ် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရှိရပါတယ်။ ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှာ ကမ္ဘာ့သဘာဝအမွေအနှစ်အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်နိုင်ရန် မြန်မာနိုင်ငံအစိုးရက ထပ်မံအဆိုပြုချက်အပေါ် ယူနက်စကိုအဖွဲ့မှ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်သိပ္ပံဆိုင်ရာအကြံပေးပုဂ္ဂိုလ်တစ်ဦးပါဝင်တဲ့အဖွဲ့က ၂၀၁၄ ခုနှစ် ဧပြီလမှာ

လာရောက်ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ နတ်မတောင်အမျိုးသားဥယျာဉ်ဟာ သဘာဝဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထူးခြားစွာတည်ရှိပြီးတော့ နိုင်ငံတော်ရဲ့ အရေးကြီးတဲ့မြစ်ချောင်းများရဲ့ ရေဝေ၊ ရေလဲဧရိယာဖြစ်တဲ့အတွက် တန်ဖိုးကြီးမားစွာတည်ရှိတဲ့နေရာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယူနက်စကို အဖွဲ့က နတ်မတောင်အမျိုးသားဥယျာဉ်ကို ကမ္ဘာ့သဘာဝအမွေအနှစ် သတ်မှတ်နိုင်ရန် ပထမအဆင့် လူသားနှင့် ဇီဝအဝန်းအဝိုင်းထိန်းသိမ်းရေးနယ်မြေ(Man and Biosphere Reserve)အဖြစ် သတ်မှတ်ပြီး နောင် လေး၊ ငါးနှစ်ကာလအတွင်းမှာ ထိန်းသိမ်းရေးအဆင့်အတန်း ပြန်လည်မြင့်မားလာ လို့ရှိရင် ကမ္ဘာ့သဘာဝအမွေအနှစ်အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်နိုင်ကြောင်း ဆွေးနွေးဖော်ပြခဲ့ တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ်က မြို့ပြယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအဖြစ် ဟန်လင်း၊ ဗိဿနိုး၊ သရေခတ္တရာတို့ကို သတ်မှတ်ပေးခဲ့ခြင်းဟာ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများ အတွက် လွန်စွာဂုဏ်ယူစရာဖြစ်ပြီး နိုင်ငံတော်ရဲ့ခရီးသွားလုပ်ငန်းကို အထောက်အပံ့ဖြစ်စေရုံသာမက နိုင်ငံတော်ရဲ့ နိုင်ငံခြားဝင်ငွေရရှိရေး၊ ဒေသအတွင်း အလုပ်အကိုင်နှင့် အခွင့်အလမ်းများရရှိစေကာ ဆင်းရဲမှုလျှော့ချရေးအတွက် အကျိုးများစွာရရှိစေပါတယ်။ ဒါကြောင့် နတ်မတောင် အမျိုးသားဥယျာဉ် အား ကမ္ဘာ့သဘာဝအမွေအနှစ်အဖြစ် အတည်ပြုသတ်မှတ်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုအနည်းဆုံးနဲ့ အနာဂတ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ စနစ်တကျဖော်ဆောင်နိုင်ရန်နှင့် တန်ဖိုးကြီးမားသော နိုင်ငံတော်၏ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးမှာ ဒေသခံပြည်သူလူထု သိရှိ လက်ခံပူးပေါင်းလာစေရေးအတွက် နှစ်တိုနှစ်ရှည်စီမံကိန်း ရေးဆွဲဆောင်ရွက်လျက် (Biosphere Reserve) ဇီဝအဝန်းအဝိုင်းထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ/မရှိသိလို၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်အတွင်း သစ်တောပြုန်းတီးခြင်းမှ ကာကွယ်ရန် မည်သို့သောအစီအမံများ ဆောင်ရွက်ထား သည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ယနေ့ မေးခွန်းသုံးခုကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့်ဆက်စပ်ပြီး မေးထားတာရှိပါတယ်။ ဒါကြောင့် ကျန်ရှိတဲ့မေးခွန်းများကိုလည်း ဆက်လက်မေးပြီး နောက်ပိုင်းမှာမှ သက်ဆိုင်ရာဝန်ကြီးဌာနက တပေါင်းတစည်းတည်းဖြေမယ်ဆိုရင် ပြည့်စုံနိုင်တဲ့အတွက် ဦးဘိုနီ၊ ရမည်းသင်းမဲဆန္ဒနယ်က ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးမရမီကာလက တစ်နိုင်ငံလုံး သစ်တောဧရိယာ ၇၀ ရာခိုင်နှုန်းရှိကြောင်း သိရှိရပြီး ထိုမှ တဖြည်းဖြည်းလျော့နည်းလာခဲ့ရာမှာ ၂၀၁၀ ပြည့်နှစ်အရောက်မှာ Forest Resources Assessment(FRA) ရဲ့ (၅)နှစ်တစ်ကြိမ် အစီရင်ခံစာအရ ၄၆.၉ ရာခိုင်နှုန်းသာရှိတော့ကြောင်းနှင့် သစ်တောဧရိယာ ၂၅.၃၀ ရာခိုင်နှုန်း ပျောက်ဆုံးသွားခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ နောက်ဆုံးရရှိတဲ့ကိန်းဂဏန်းအရ လူဦးရေ ၅၁.၄ သန်းရှိကြောင်း ယင်းနောက် အိမ်ထောင်စု ၁၀.၈ သန်းနှင့် ကျေးရွာမှာနေတဲ့အိမ်ထောင်စုက ခုနစ်သန်းရှိပြီး မြို့နေအိမ်ထောင်စုက ၃.၈ သန်း၊ တောရော မြို့ပါ ထင်းအသုံးပြုမှုကြောင့် နှစ်စဉ်သစ်ပင်ပေါင်း သန်း ၂၀ ခန့် ခုတ်လှဲခံနေရကြောင်း သိရှိရပါတယ်။ သစ်ပင်တွေခုတ်ပြီး စွမ်းအင်အဖြစ်၊ လောင်စာအဖြစ် ထင်းကို အသုံးပြုတဲ့နေရာမှာ အကြောင်းအရာနှစ်ခုတွေ့ရပါတယ်။ ပထမတစ်ခုက လူတွေအားလုံး နေ့စဉ်ချက်ပြုတ်ဖို့အတွက် ထင်းတွေခုတ်နေကြရပါတယ်။ ကိုင်းဖျား၊ ကိုင်းနားမကျန် ခုတ်နေကြရပါတယ်။ ဒုတိယတစ်ခုက ဗာဂျီးနီးယား ဆေးပေါင်းရုံတွေ၊ အုတ်ဖုတ်သူတွေ၊ အိုးဖုတ်သူတွေ၊ အစာအခြောက်လှန်းသူတွေ စတဲ့အချက်တွေကြောင့် ထင်းအမြောက်အမြား သုံးစွဲနေရတာဖြစ်ပါတယ်။ ကျန်သစ်ပင်ခုတ်လှဲမှုများမှာ ကုန်ထုတ်လုပ်နိုင်ရေးအတွက်၊ နေထိုင်ရေးအတွက် ခုတ်လှဲရခြင်းများရှိပါတယ်။ အခုအတိုင်းသာ မထိန်းသိမ်း၊ မစောင့်ရှောက် စိုက်ခင်းသစ်များ ပြန်နှံတီးတဲ့ဧရိယာအားလုံး မီအောင် ကြိုတင်မစိုက်ပျိုး၊ မထိန်းသိမ်းပါက နောင်မှာ ကျွန်တော်တို့နိုင်ငံဟာ သဲကန္တာရနိုင်ငံအဖြစ် သို့ရောက်ရှိမှာ အလွန်စိုးရိမ်ရတဲ့အခြေအနေရောက်ရှိနေပါတယ်။ မှတ်မိကြဦးမှာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလက ကျွန်တော်တို့ အထက်မြန်မာပြည်မှာ တစ်ကြိမ်တည်းနဲ့ မိုးရေချိန် ခုနစ်လက်မရွာတဲ့အခါမှာ ယောချောင်းရေတွေ ရွာတွေကိုဝင်တယ်၊ လူတွေ၊ တိရစ္ဆာန်တွေ ဒုက္ခရောက်တယ်၊ သီးနှံတွေဆုံးရှုံးတယ်၊ ယောချောင်းရဲ့ မြစ်ဖျားခံရာ ရေဝေရေလဲဒေသတွေမှာရှိတဲ့ တောတွေဟာ ဆေးပေါင်းရုံတွေ၊ ဆေးပေါင်းဖိုတွေအတွက် ထင်းအဖြစ် သစ်ပင်ခုတ်ရတဲ့အခါမှာ ပုံတောင်ပုံညာဆိုတဲ့ အရပ်တွေမှာ တောမရှိတော့ပါဘူး။ ဒါကြောင့် အတားအဆီးမရှိ ယောချောင်းတစ်လျှောက် ရေတွေ ဝင်ရောက်ခဲ့တဲ့သာဓကတစ်ခုအနေနဲ့ ထင်ထင်ရှားရှားပြခဲ့ပြီးဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အများအားဖြင့် တိုင်းဒေသကြီးအားလုံးနီးပါးမှာရှိတဲ့ တောတောင်

တွေပြုန်းတီး၍ တောင်ကတုံးဖြစ်နေပါပြီ။ သစ်တောထူထပ်ပါတယ်ဆိုတဲ့ ကချင်ပြည်နယ်၊ ချင်းပြည်နယ်မှာလည်း တစ်ဖက်နိုင်ငံကို တရားဝင်ရော၊ တရားမဝင်ရော သစ်တင်ပို့မှုကြောင့် တဖြည်းဖြည်း သစ်တောများ လျော့နည်းစပြုလာပါပြီ။ တရားမဝင်သစ်ခိုးထုတ်မှုများလည်း တစ်ဖက်နိုင်ငံသို့ ထိစပ်သော ကချင်နှင့် ချင်း၊ ရှမ်းတို့မှာ အများဆုံးဖြစ်ပွားလျက်ရှိနေပါတယ်။ ဥတုရာသီတောကိုမီသည် ဆိုသည့်အတိုင်း စိုက်ပျိုးရေးနိုင်ငံဖြစ်၍ ရာသီဥတုကောင်းမွန်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ရေရှည်ထိန်းသိမ်းထားနိုင်ရန် သစ်တောသစ်ပင်များ မပြုန်းတီးရန် အထူးလိုအပ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ပြည်ပသို့သစ်အလုံးလိုက် တင်ပို့ရောင်းချမှု လုံးဝရပ်ဆိုင်းကြောင်းနှင့် တန်ဖိုးမြှင့်သစ်အချောထည်များ တိုးမြှင့်ထုတ်လုပ်ရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရ၍ ဝမ်းမြောက် ဝမ်းသာကြိုဆိုပါတယ်။ ထုတ်လုပ်သုံးစွဲသော သစ်တောများ ပြုန်းတီးဆုံးရှုံးသလောက် နိုင်ငံအတွင်း သစ်တောသစ်ပင်များ ပြန်လည်ဖြစ်ထွန်းရှင်သန်စေရန် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး စိမ်းလန်းစိုပြေစေရေး နိုင်ငံတော်အတွင်း သစ်တောပြုန်းတီးခြင်းမှကာကွယ်ရန် မည်သို့သော အစီအမံများဖြင့် ဆောင်ရွက်ထားခြင်းအစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။

**ဝေးလံခေါင်သီသော တောင်ပေါ်ဒေသရှိ သဘာဝသစ်တောများအား အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကိုယ်တိုင် ဥပဒေနှင့်အညီ ဝိုင်းဝန်းပူးပေါင်းကာကွယ်ထိန်းသိမ်းခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးသန်းစိုး၊ သာစည်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးခွန်းမေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ သစ်တောသယံဇာတကြွယ်ဝတဲ့နိုင်ငံတစ်ခု ဖြစ်ပါတယ်။ သစ်တောသစ်ပင်ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်စိုးဆိုတဲ့အတိုင်း သစ်ပင်တွေကို အလေးထားထိန်းသိမ်းနိုင်ဖို့ လိုအပ်လျက်ရှိပါတယ်။ ကျွန်တော်တို့ သာစည်မြို့နယ်ရဲ့ ဧရိယာ သုံးပုံနှစ်ပုံဟာ ရှမ်းရိုးမတောင်တန်းများဖြစ်ပါတယ်။ ကျေးရွာအုပ်စု ၁၀ အုပ်စု၊ ကျေးရွာပေါင်း

၄၀ ခန့်ဟာ တောင်ပေါ်ဒေသ သစ်ဝါးများထူထပ်ပေါက်ရာနေရာများ ဖြစ်ပါတယ်။ တောင်ပေါ်ကျေးရွာအများစုဟာ သောက်ရေ၊ သုံးရေအတွက် အဆိုပါသစ်တောမှ စုပ်ယူထိန်းသိမ်းထားသော စိမ့်စမ်းရေ၊ သဘာဝရေထွက်များကို အားကိုးရပါတယ်။ သို့သော်လည်း ရာသီဥတုဖောက်ပြန်ခြင်း၊ တောင်ယာမီးရှို့ခြင်း၊ မီးသွေးဖုတ်ခြင်း၊ သစ်ဝါးများ စည်းမဲ့ကမ်းမဲ့ခုတ်လှဲခြင်းကြောင့် တချို့ကျေးရွာများမှာ သစ်ပင်မရှိတော့တဲ့အတွက် စိမ့်စမ်းရေများ၊ သဘာဝရေတွင်းများ ပျောက်ကုန်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က ဝေးလံခေါင်သီပြီး တောထူထပ်တဲ့နေရာမှာ ပေါက်ရောက်နေတဲ့ သစ်ပင်ဝါးပင်များဟာ ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့အခါ စည်းမဲ့ကမ်းမဲ့ခုတ်လှဲခံရမယ့် အန္တရာယ်ရှိလာပါတယ်။ အဆိုပါသစ်တောသစ်ပင်များကို ခုတ်လှဲခြင်းဟာ ဒေသခံများမဟုတ်ဘဲ ရပ်ဝေးမှ တရားမဝင်လာရောက်ခုတ်ယူကြကြောင်း သိရှိခဲ့ရပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အမြဲတမ်းစောင့်ကြပ်စစ်ဆေးဖို့အခက်အခဲလည်း တွေ့ရှိခဲ့ရပါတယ်။ ဒါတွေကို အခွင့်ကောင်းယူပြီး စည်းမဲ့ကမ်းမဲ့ခုတ်လှဲနေကြခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ စောင့်ကြပ်ကာကွယ်တားဆီးဖို့ ခက်ခဲတဲ့ ဝေးလံခေါင်သီတဲ့ သစ်တောသစ်ပင်တွေကို အနီးပတ်ဝန်းကျင်မှာရှိတဲ့ဒေသခံပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ခွင့် လွှယ်ကူစွာရရှိမှာသာ သစ်တောသယံဇာတများမပြုန်းတီးဘဲ သောက်သုံးရေအပါအဝင် ပတ်ဝန်းကျင်ကိုထိန်းသိမ်းစောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။ သို့ပါ၍ ဝေးလံခေါင်သီတဲ့ တောင်ပေါ်ဒေသရှိ သဘာဝသစ်တောသစ်ပင်များအား အနီးပတ်ဝန်းကျင်ရှိကျေးရွာများကို ဒေသခံပြည်သူများကိုယ်တိုင် ဥပဒေနှင့်အညီ ဝိုင်းဝန်းပူးပေါင်းကာကွယ်ထိန်းသိမ်းခွင့်ပြုရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** ။ ကိုယ်စားလှယ်သုံးဦးရဲ့မေးခွန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးထန်းလိန်းရဲ့မေးခွန်းအပေါ်မှာ ဦးစွာဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ သဘာဝအမွေအနှစ်များ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းကာကွယ်နိုင်ရန် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကို ၁၉၉၄ ခုနှစ်ကလည်းကောင်း ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီလိုပြဋ္ဌာန်းချက်နှင့် အညီ သဘာဝနယ်မြေများကို သိပ္ပံကြိုးဝိုင်း၊ အမျိုးသားဥယျာဉ်၊ အဏ္ဏဝါအမျိုးသားဥယျာဉ်၊ သဘာဝကြိုးဝိုင်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဘူမိရူပထူးခြားတဲ့ကြိုးဝိုင်းနှင့် ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ အခြားသဘာဝကြိုးဝိုင်းဟူ၍ အမျိုးအစားသတ်မှတ်ခွဲခြားကာ ဖွဲ့စည်းတည်ထောင်ရန် ပြဋ္ဌာန်းထားရှိပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်းကို ၂၀၀၁ ခုနှစ်ကနေ ၂၀၃၀ ခုနှစ်အထိရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ သဘာဝဝန်းကျင်နှင့်ဂေဟစနစ်၊ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းကာကွယ်ရန်ရည်ရွယ်ပြီး သဘာဝနယ်မြေများကို နိုင်ငံတော်ဧရိယာရဲ့ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ဆောင်ရွက်ရန်လျာထား ထားရှိဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံအတွင်းမှာ အစိုးရအဖွဲ့ရဲ့အတည်ပြုချက်နှင့် လက်ရှိတည်ထောင်ပြီး သဘာဝနယ်မြေပေါင်း ၃၉ ခု၊ ဧရိယာအားဖြင့် ၁၅၀၂၁.၈၈ စတုရန်းမိုင် နိုင်ငံတော်ဧရိယာရဲ့ ၅.၇၅ ရာခိုင်နှုန်းကို တည်ထောင်ထားရှိပြီးဖြစ်ပါတယ်။ သဘာဝနယ်မြေဖွဲ့စည်းရန်ရည်ရွယ်ကြောင်း အဆိုပြုထားတဲ့သဘာဝနယ်မြေ ခုနစ်ခုရဲ့ဧရိယာအားဖြင့် ၂၈၄၉.၅၄ စတုရန်းမိုင်၊ နိုင်ငံတော်ဧရိယာရဲ့ ၁.၀၉ ရာခိုင်နှုန်းကိုလည်း ထပ်မံပြီးတော့မှ တိုးချဲ့ဆောင်ရွက်ဖို့ အဆင့်ဆင့် မြေပြင်မှာဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာပါရှိတဲ့ နတ်မတောင်အမျိုးသားဥယျာဉ်ဟာ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်နှင့် မတူပီမြို့နယ်အတွင်းမှာရှိပြီး ဧရိယာအားဖြင့် ၂၇၅.၅ စတုရန်းမိုင်ကျယ်ဝန်းကာ ၁၉၃၉ ခုနှစ်ကပင် မိုးကြိုးဝိုင်းအဖြစ် ရေဝေရေလဲသစ်တောများကို ထိန်းသိမ်းရန် စတင်ဖွဲ့စည်းခဲ့ပြီးတော့ ခေတ်အဆက်ဆက်ထိန်းသိမ်းဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်မှာ အမျိုးသားဥယျာဉ်အဖြစ် ထိန်းသိမ်းကာကွယ်ရန်ရည်ရွယ်ကြောင်းအဆိုပြုခဲ့ပြီး ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှာတော့ နတ်မတောင်အမျိုးသားဥယျာဉ်အဖြစ် အတည်ပြုအမိန့်ထုတ်ပြန်ကာကွယ်ခဲ့ပါတယ်။ အာဆီယံဒေသအတွင်း သဘာဝနယ်မြေများဖွဲ့စည်းတည်ထောင်မှုကွန်ယက်၌လည်း ဒေသအဆင့်ထိန်းသိမ်းကာကွယ်ထားတဲ့ အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park) ၃၄ ခုရှိသည့်အနက် ကျွန်တော်တို့နိုင်ငံအနေနဲ့ သဘာဝနယ်မြေ ခုနစ်ခုကို အာဆီယံ

အမွေအနှစ်ဥယျာဉ်များအဖြစ် သတ်မှတ်ခံထားရပြီး နတ်မတောင်အမျိုးသားဥယျာဉ်ဟာလည်း တစ်ခု အပါအဝင်ဖြစ်ပါတယ်။

နတ်မတောင်အမျိုးသားဥယျာဉ်ကို UNESCO Natural World Heritage Site အဖြစ် သတ်မှတ်နိုင်ဖို့ အဆိုပြုတင်ပြရန်အတွက် ၂၀၁၄ ခုနှစ် UNESCO နှင့် IUCN မှ ကျွမ်းကျင်တဲ့ပညာရှင် အဖွဲ့ဟာ ဖြစ်နိုင်ခြေဆန်းစစ်မှုကွင်းဆင်းလေ့လာချက်များအရ နတ်မတောင်အမျိုးသားဥယျာဉ်အတွင်း လမ်းချဲ့ထွင်ဖောက်လုပ်ထားခြင်း၊ ဥယျာဉ်နယ်နိမိတ်ဧရိယာအတွင်း ကျူးကျော်တောင်ယာများ၊ ဖရုံမဲ စိုက်ခင်းများ၊ လူနေအိမ်ခြေဝင်ရောက်အခြေချနေထိုင်မှုများ၊ ကျောက်ထုတ်လုပ်မှုများကို တွေ့ရှိရတဲ့ အတွက် ၎င်းအချက်များဟာ သဘာဝအမွေအနှစ်များကို ထိခိုက်ပျက်စီးစေပြီး ကမ္ဘာလုံးဆိုင်ရာအသိ အမှတ်ပြုစံနှုန်းသတ်မှတ်ချက်များ Universal Outstanding Value (OUV) နှင့် ကိုက်ညီမှုမရှိတဲ့ အတွက် ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်နယ်မြေ (UNESCO Natural World Heritage Site) အဖြစ် အဆိုပြုတင်သွင်းရန် မဖြစ်နိုင်ကြောင်းနှင့် ဆက်လက်မဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ နတ်မတောင်အမျိုးသားဥယျာဉ်ကို ဇီဝအဝန်းနယ်မြေ(Biosphere Reserve) တစ်ခုအဖြစ် ထိန်းသိမ်း ရန်အစီအစဉ်နှင့်ပတ်သက်၍ လက်ရှိအချိန်၌ သတ်မှတ်နိုင်ရေး ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း နှင့်အင်းလေးကန်ဒေသကို ပထမဦးစားပေးအနေဖြင့် လူသားနှင့်ဇီဝအဝန်းနယ်မြေ (UNESCO Man and Biosphere Reserve Program) မှာထည့်သွင်းပါဝင်နိုင်ရေး တင်ပြဆောင်ရွက်လျက်ရှိ ကြောင်း တင်ပြအပ်ပါတယ်။ ဇီဝအဝန်းနယ်မြေမှာ ကမ္ဘာလုံးဆိုင်ရာထင်ရှားထူးခြားပြီး ထိန်းသိမ်း ကာကွယ်ရန်လိုအပ်တဲ့ဒေသများကို ခေါ်ဝေါ်သတ်မှတ်ထားခြင်းဖြစ်၍ အဆိုပါသတ်မှတ်ထားမယ့် နေရာ၊ နယ်မြေဒေသကို ကမ္ဘာလုံးဆိုင်ရာအသိအမှတ်ပြုရန်အဖြစ် မူဘောင်စည်းမျဉ်းများချမှတ်ထား ရှိပါတယ်။ အဲ့ဒီမူဘောင်စည်းမျဉ်းများနှင့်လည်း သတ်မှတ်တိုင်းတာကြပါတယ်။

ဇီဝအဝန်းနယ်မြေရဲ့ ရည်ရွယ်ချက်မှာ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရန်၊ ၎င်းနယ်မြေအတွင်းရှိ ပြည်သူတို့ရဲ့ လူမှုစီးပွားရေးမြှင့်တင်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရန်၊ ပတ်ဝန်းကျင်နှင့် ဒေသနေပြည်သူတို့ရဲ့ နေထိုင်လုပ်ကိုင်မှုညီညွတ်မျှတအောင် ထိန်းညှိစီမံအုပ်ချုပ်မယ့်စနစ်တစ်ခု ရှိ စေရန်တို့ဖြစ်ပါတယ်။ လူသားနှင့်သဘာဝပတ်ဝန်းကျင်တို့ကို ညီညွတ်မျှတစွာ အတူယှဉ်တွဲနေထိုင်ရာ ၌ သဘာဝဂေဟစနစ်ကို မထိခိုက်စေဘဲ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဝိုင်းဝန်းထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းတို့ကို ဆောင်ရွက်ရန်အတွက် နယ်မြေတစ်ခု ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာလည်း ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့ကစပြီး MAB National Committee ကိုဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ အထောက်အကူပြုအဖွဲ့အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ နတ်မတောင်အမျိုးသားဥယျာဉ်ကို အာဆီယံအမွေအနှစ်ဥယျာဉ်တစ်ခုအနေဖြင့် သဘာဝအမွေအနှစ်များ၊ ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲ ရေရှည်တည်တံ့စေရေးဇုန်နယ်များ ခွဲခြားပြီးထိန်းသိမ်းနိုင်ရန် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်တဲ့ လက်တွေ့ကျပြီး အမှန်တကယ်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် အုပ်ချုပ်မှုစီမံချက်တစ်ခုကို ရေးဆွဲနိုင်ရေး နိုင်ငံတကာအဖွဲ့အစည်းများအကူအညီဖြင့် စီမံကိန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ နတ်မတောင်အမျိုးသားဥယျာဉ်အတွင်း မြေအသုံးချမှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးလုပ်ငန်းများ အချင်းချင်းဟန်ချက်ညီစေရန် လိုအပ်ခြင်း၊ UNESCO အဖွဲ့ကြီးမှ သတ်မှတ်ထားတဲ့ လူသားနှင့်ဇီဝအဝန်းနယ်မြေရဲ့ ကမ္ဘာလုံးဆိုင်ရာစံနှုန်းများနှင့် ကိုက်ညီအောင် စီမံဆောင်ရွက်ရန်လိုအပ်ခြင်းများကြောင့် လက်ရှိအချိန်၌ အဆိုပြုသတ်မှတ်နိုင်ရေး ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် အမျိုးသားဥယျာဉ်အုပ်ချုပ်မှုစီမံချက် ထွက်ပေါ်လာပြီးမှသာ ဒေသခံပြည်သူလူထုများရဲ့ သဘောတူညီချက်များဖြင့် စနစ်တကျအကောင်အထည်ဖော်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီရဲ့မေးခွန်းအပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ သစ်တောသယံဇာတအရင်းအမြစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ကောင်းများ ပေါကြွယ်စွာတည်ရှိခဲ့ရာမှာ နှစ်ပေါင်းများစွာကပင် သစ်တောများကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ခဲ့ပါတယ်။ ဒီလိုလုပ်ကိုင်တဲ့အခါမှာ ကျွန်တော်တို့ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ စနစ်တကျပြဋ္ဌာန်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ယနေ့အခါဟာ ကမ္ဘာနှင့်အဝှမ်းမှာ သစ်တောများပျက်စီးပြုန်းတီးမှုနှင့် ရင်ဆိုင်တွေ့ကြုံနေရတဲ့နည်းတူ ကျွန်တော်တို့နိုင်ငံမှာလည်း သစ်တောပျက်စီးပြုန်းတီးမှုများကို ရင်ဆိုင်တွေ့ကြုံခံစားလျက်ရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ်ထုတ်ယူအသုံးပြုနိုင်ရေးအတွက် နှစ် ၃၀ အမျိုးသားသစ်တောဘက်စုံစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများကိုလည်း ၁၀ နှစ်တစ်ကြိမ် ပြင်ဆင်ရေးဆွဲပြီး အကောင်အထည်ဖော် လျက်ရှိပါတယ်။

ဝန်ကြီးဌာနအနေနဲ့ သစ်တောမူဝါဒပါရည်မှန်းချက်များနှင့်အညီ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများကို နိုင်ငံတော်ဧရိယာရဲ့ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို ရေရှည်မှာ နိုင်ငံတော်ဧရိယာရဲ့ ၁၀ ရာခိုင်နှုန်း တိုးချဲ့ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောများ ပျက်စီးပြုန်းတီးရခြင်းရဲ့ အဓိကအကြောင်းအရင်းများမှာ တရားဝင်သစ်ထုတ်လုပ်မှုကို သတ်မှတ်လျာထားချက်ထက် ပိုမိုထုတ်လုပ်ခြင်း၊ တရားမဝင်သစ်ခိုးထုတ်လုပ်ခြင်း၊ စိုက်ပျိုးမြေများတိုးချဲ့လာခြင်း၊ လူဦးရေတိုးတက်မှုကြောင့် မြို့ပြ၊ ကျေးရွာတိုးချဲ့လာခြင်း၊ ထင်း၊ မီးသွေးအလွန်အကျွံထုတ်လုပ်သုံးစွဲခြင်း၊ ဆည်၊ တာတမံ၊ အဝေးပြေးလမ်းမများ၊ စက်ရုံ၊ အလုပ်ရုံများစတဲ့စီမံကိန်းလုပ်ငန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းများ သစ်တောနယ်မြေများအတွင်း ဆောင်ရွက်လာခြင်းတို့ကြောင့်ဖြစ်ပါတယ်။

ယခင်ခေတ်ကာလက နိုင်ငံတော်ရဲ့ဘဏ္ဍာငွေလိုအပ်ချက်အရ သစ်ထုတ်လုပ်မှုကို သတ်မှတ်လျာထားချက်ထက် ပိုမိုထုတ်ယူဆောင်ရွက်ခဲ့ရပါတယ်။ လက်ရှိအစိုးရလက်ထက်မှာ နှစ်စဉ်သစ်ထုတ်လုပ်မှုကိုလျှော့ချခဲ့ပြီး နှစ်စဉ်သစ်ထုတ်လုပ်နိုင်ခွင့်ပမာဏ (AAC)နှင့်အညီ ကျွန်တော်တို့ ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှုကို ရပ်ဆိုင်းခဲ့ပြီးလည်းဖြစ်ပါတယ်။ တရားမဝင်သစ်ခိုးထုတ်ယူမှုများကို ဖမ်းဆီးဖော်ထုတ်ရာမှာ သစ်တောဦးစီးဌာနတစ်ခုတည်းမဟုတ်ဘဲ လုံခြုံရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိရာမှာ ၂၀၀၀-၂၀၀၁ မှ ၂၀၁၄ ခုနှစ်အထိ စုစုပေါင်း ၅၆၉၈၀၄ တန်ကို ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီ့အပြင် ပျက်စီးသွားတဲ့သစ်တောများရဲ့နေရာတွေမှာ ပြန်လည်ပြီးတော့မှ ပျိုးထောင်ထိန်းသိမ်းနိုင်ဖို့၊ ရေဝေရေလဲထိန်းသိမ်းနိုင်ဖို့ ဒေသခံလူထုရဲ့အခြေခံလိုအပ်ချက်ဖြစ်တဲ့ သစ်၊ ထင်း၊ တိုင်၊ မျှောများ ရရှိစေဖို့ ဒေသခံပြည်သူလူထုရဲ့အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များနှင့် စိုက်ခင်းများကိုထူထောင်လျက်ရှိရာမှာ ကျွန်တော်တို့ စီးပွားရေးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ ဒီရေတောနှင့် ကျေးရွာသုံးစိုက်ခင်းများကို ကျွန်တော်တို့ နှစ်စဉ်စီမံချက်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနကလည်း တောင်တန်း၊ ရေဝေရေလဲ၊ ကျေးရွာသုံးနှင့်အခြားစိုက်ခင်း ၃၆၃၀၀၀ ဧကကို တည်ထောင်ထားရှိပြီးဖြစ်ပါတယ်။

ထို့အတူ ပုဂ္ဂလိကစိုက်ခင်းများကို တစ်ဖက်ကဦးစားပေးဆောင်ရွက်ခဲ့ရာမှာ ကျွန်းစိုက်ခင်း ၁၁၈၀၅၉ ဧက၊ ပုဂ္ဂလိကသစ်မာစိုက်ခင်း ၆၇၉၁၉ ဧက တည်ထောင်ပြီးဖြစ်ပါတယ်။ လူဦးရေတိုးတက်

များပြားလာတာနှင့်အမျှ သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ရန် ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ အတွင်းရှိ ယာမြေများမှာ သီးနှံရောနှောသစ်တောစိုက်ခင်းထူထောင်ခြင်းဖြင့် ဒေသခံပြည်သူများရဲ့ ဒေသခံအစုအဖွဲ့ပိုင်သစ်တောများကို တည်ထောင်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါမှာ ဧရိယာ အားဖြင့် ၁၉၀၀၀၀ ကျော် တည်ထောင်ထားရှိပြီးဖြစ်ပါတယ်။ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင် ပေးခြင်းအားဖြင့် ဒေသခံများအနေဖြင့် အနှစ် ၃၀ မြေယာလုပ်ပိုင်ခွင့်ရရှိခြင်း၊ ဒေသခံပြည်သူများရဲ့ လိုအပ်ချက်ဖြစ်တဲ့ သစ်၊ ထင်း၊ တိုင်၊ မျှောများရရှိစေခြင်း၊ ဒေသခံတို့ရဲ့စိုက်ပျိုးသီးနှံများမှ ကြားဖြတ် ဝင်ငွေရရှိစေခြင်းအပြင် ပတ်ဝန်းကျင်နှင့်ဂေဟစနစ်ကို တိုးတက်စေရေးအတွက် အထောက်အကူ များစွာပြုလျက်ရှိပါတယ်။ တွက်ချက်မှုများအရ တစ်နိုင်ငံလုံးရဲ့ထင်းလိုအပ်ချက်ဟာ နှစ်စဉ်ပမာဏ ကုဗတန် ၁၆.၅၁၇ သန်းရှိပြီး ၂၀၁၁-၂၀၁၂ မှ ၂၀၁၄-၂၀၁၅ အထိ ထင်းတန် ၅၅၉၇.၂၄၄ တန်၊ တိုင် ၂၇၈ လုံး၊ မျှော ၄၆၃၆၂ လုံးကို ကျေးရွာ ၁၄၈ ရွာရှိ အိမ်ထောင်စုပေါင်း ၁၅၇၀၉ သို့ ဖြန့်ဝေပေးခဲ့ပါ တယ်။ ပြည်သူလူထုရဲ့အခြေခံလိုအပ်ချက်ဖြစ်တဲ့ ထင်း၊ မီးသွေး၊ လောင်စာကို သဘာဝတောများမှ ထုတ်ယူမှုလျော့နည်းစေရန်အတွက် ကျေးရွာသုံးထင်းစိုက်ခင်းများကို တည်ထောင်စိုက်ပျိုးခဲ့ရာမှာ ၁၉၈၁ ခုနှစ်မှ ယနေ့အထိ ၄၅၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ပါတယ်။ သက်တမ်း ငါးနှစ်ပြည့်ပြီးတဲ့ ကျေး ရွာသုံးထင်းစိုက်ခင်းများကို ဒေသခံကျေးရွာလူထုကို လွှဲပြောင်းပေးအပ်လျက်ရှိပါတယ်။

ဒေသခံပြည်သူများအတွက် ကျေးလက်အိမ်ရာ တည်ထောင်ရေးအတွက် တစ်အိမ်ထောင် ကျွန်း သုံးပင်၊ တစ်အိမ်ထောင်သစ်မာ ပင် ၂၀၊ တစ်ရွာ တစ်ဧကနှုန်းနဲ့လည်း ဆက်လက်တည်ထောင် ဆောင် ရွက်ပေးလျက်ရှိပါတယ်။ စုစုပေါင်း အပင်အားဖြင့် ၃၈၆၀၀၀၀ ကျော် တည်ထောင်ပေးခဲ့ပြီး ဖြစ်ပါ တယ်။ ထင်း၊ မီးသွေး၊ လောင်စာသုံးစွဲမှုလျော့နည်းစေရန်အတွက် စွမ်းအားမြှင့်မီးဖိုပေါင်း ၄၉၇၀၀၀ ကျော်ကိုလည်း ဖြန့်ဝေပေးခဲ့သလို လောင်စာတောင့် ၁၀၃၅၆၈၅၇၆ တောင့်ကို ဖြန့်ဝေပေးခဲ့ပါတယ်။ ရေရရှိရေး၊ ရေဝေရေလဲများထိန်းသိမ်းရေးအတွက် ၂၀၁၄-၂၀၁၅ မှ ရေကန်ပေါင်း ၁၇၆၆ ကန်၊ အဝီစိတွင်း ၁၁၇ တွင်း၊ မိုးရေစုကန်ခြောက်ကန်၊ တစ်ဖက်ရပ်ဆည်ငါးခုကို တည်ဆောက်ပေးခဲ့ပါ တယ်။ ဒီ့အပြင် ၂၀၁၅ ခုနှစ်မှာ ဇန်နဝါရီလကုန်အထိ ကျွန်တော်တို့ဝန်ကြီးဌာနနှင့် နိုင်ငံတကာအဖွဲ့ အစည်းများပူးပေါင်းပြီး လုပ်ငန်းစီမံကိန်း ၄၅ ခုကို သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောသယံဇာတအရင်းအမြစ်များ ထာဝစဉ် တည်တံ့စေရေး၊ ရေဝေရေလဲများထိန်းသိမ်းရေးနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အစိုးရတစ်ရပ်တည်းဖြင့် ဆောင်ရွက်၍မရနိုင်ပါ။ နိုင်ငံ

မူကြမ်း

အတွင်းရှိသစ်တောများ ပြုန်းတီးမှုကိုကာကွယ်ရန်၊ သစ်တောများပြန်လည်ဖြစ်ထွန်းစေရန် အထက်ပါ သစ်တောပြုစုထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ သလို ထိုသို့ဆောင်ရွက်ရာမှာ ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာ၊ အထောက်အပံ့စတဲ့ အထောက်အပံ့တို့ကိုရယူပြီး ဒေသခံပြည်သူများရဲ့အားကို အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတစ်ဝှမ်းစိမ်းလန်းစိုပြည်ဖို့နှင့် သစ်တောပြုန်းတီးမှုကို ကာကွယ်ဖို့အတွက် ပြည်သူများက ယခု ထက်ပိုမိုပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှသာ ရေရှည်ထာဝရထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးရဲ့မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်ဟာ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်အတွင်းမှာ ပါဝင်ကျရောက်ပြီး ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်နှင့် နယ်နိမိတ်ချင်းဆက်စပ်ကာ ရှမ်းရိုးမတောင်တန်းများနှင့် ဆက်စပ်လျက် ရှိပါတယ်။ သာစည်မြို့နယ်အတွင်း ဆင်တောင်ကြိုးဝိုင်း၊ ရှူပါတောင်ကြိုးဝိုင်း၊ ယင်းမာပင်ကြိုးဝိုင်း၊ ကူပြင်ကြိုးဝိုင်းတိုးချဲ့(၁)၊ ကူပြင်ကြိုးဝိုင်း၊ အရှေ့ရေပေါင်းစုံကြိုးဝိုင်း၊ ပြည်ညောင်ကြိုးဝိုင်း၊ မြစ်သာကြိုးဝိုင်း၊ ကြပ်စခန်းကြိုးဝိုင်းနှင့် ကလောကြိုးဝိုင်း စတဲ့ကြိုးဝိုင်း ၁၀ ခု၊ ဧရိယာအားဖြင့် ၁၈၄၅၆၃ ဧက ရှိပါတယ်။ ဒီ့အပြင် ကျောက်ပန်းအိုးကြိုးပြင်ကာကွယ်တော၊ ဆုံကြီးကြိုးပြင်ကာကွယ် တောနှင့် သက်တော်ကြိုးပြင်ကာကွယ်တော စတဲ့ကြိုးပြင်ကာကွယ်တော သုံးခု၊ ဧရိယာအားဖြင့် ၇၂၆၈ ဧကရှိတဲ့အတွက် စုစုပေါင်းသစ်တောမြေ ၁၉၁၈၃၁ ဧက တည်ရှိလျက်ရှိပါတယ်။ အဆိုပါ သစ်တောမြေဧရိယာတွင် သာစည်မြို့နယ်ဧရိယာရဲ့ စုစုပေါင်း ၃၈.၀၅ ရာခိုင်နှုန်းဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါတယ်။

သာစည်မြို့နယ်ဧရိယာရဲ့ ဝ.၆၅ ရာခိုင်နှုန်းရှိတဲ့ ရွှေနတ်တောင်အဆိုပြုကြိုးပြင်ကာကွယ် တောနှင့် မှန်တောင်အဆိုပြုကြိုးပြင်ကာကွယ်တော နှစ်ခု စုစုပေါင်း ၃၂၆၅ ဧကကိုလည်း သစ်တောမြေအဖြစ် သတ်မှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သာစည်မြို့နယ်အတွင်း အဓိကရေဝေရေလဲဧရိယာများဖြစ်တဲ့ စမုံရေထိန်းတမံရဲ့ ရေဝေရေလဲဧရိယာ ၅၉၅၂၀၀ ဧက၊ သက်တော်ရေလှောင်တမံရဲ့ ရေဝေရေလဲဧရိယာ ၁၆၀၀၀ ဧက၊ ကင်းတားဆည်ရဲ့ ရေဝေရေလဲ

ဧရိယာ ၁၅၈၄၉၄ ဧကဖြင့် စုစုပေါင်း ၇၆၉၆၉၄ ဧက တည်ရှိပါတယ်။ သာစည်မြို့နယ်အတွင်းမှာရှိတဲ့ သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့စေရေး၊ ရေဝေရေလဲထိန်းသိမ်းရေး၊ ရာသီဥတုကောင်းမွန်ရေး၊ ဒေသခံပြည်သူများအတွက် သစ်၊ တိုင်၊ ထင်း၊ မျှော အထောက်အပံ့ဖြစ်စေရေးတို့အတွက် သစ်တောဦးစီးဌာနအနေဖြင့် ရှုပါတောင်ကြိုးဝိုင်းအတွင်း ၁၉၆၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ကျေးရွာသုံးထင်းစိုက်ခင်း ၃၆၂၁ ဧကကို စီမံကိန်းချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ဒီ့အပြင် ၁၉၈၁ ခုနှစ်မှ ၂၀၁၄ ခုနှစ် အထိ ရှုပါတောင်ကြိုးဝိုင်းအပါအဝင် တစ်မြို့နယ်လုံးမှာ စီးပွားရေးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းစတဲ့ စိုက်ခင်းမျိုးစုံ စုစုပေါင်းဧရိယာ ၁၄၀၉၆ ဧက စိုက်ပျိုးပေးခဲ့ပြီး ဖြစ်ပါတယ်။

အလားတူ သာစည်မြို့နယ်အတွင်း ၁၉၉၇-၁၉၉၈ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာသုံးစိုက်ခင်း၊ ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်း၊ တောင်တန်းများစိမ်းလန်းစိုပြည်ရေးစိုက်ခင်းနှင့် အခြားစိုက်ခင်းများအပါအဝင် စုစုပေါင်း ၆၃၄၀ ဧကကိုလည်း တည်ထောင်ပေးခဲ့ပြီး ဖြစ်ပါတယ်။ သာစည်မြို့နယ်အတွင်း သစ်တောများ ရေရှည်ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေးအတွက် သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာမှာ သစ်တောဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးဆက်စိုက်ပျိုးခြင်းအပြင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် သဘာဝထိန်းသိမ်းရေးဧရိယာထူထောင်ခြင်း၊ ဓမ္မတာမျိုးဆက်ဧရိယာများထိန်းသိမ်းခြင်းစတဲ့လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ မှ ၂၀၁၄-၂၀၁၅ အထိ တရားမဝင်သစ်များကို ဖော်ထုတ်ဖမ်းဆီးခဲ့ရာမှာ သာစည်မြို့နယ်အတွင်းမှာ စုစုပေါင်းအကြိမ်အရေအတွက် ၃၂၅ ကြိမ်၊ သစ်တန်ပမာဏ ၁၂၈၇.၇၂၇၂ တန်ကို ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒေသခံပြည်သူလူထုများ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိစေရန် ကျေးလက်အိမ်ရာထူထောင်ရေးလုပ်ငန်းများဖြစ်တဲ့ တစ်အိမ်ထောင်ကျွန်း သုံးပင်၊ တစ်အိမ်ထောင်သစ်မာပင် ၂၀၊ တစ်ရွာ တစ်ဧကလုပ်ငန်းများအတွက် စုစုပေါင်းပျိုးပင် ၃၈၁၈၀ ကို ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် နှစ်စဉ်မိုးရာသီသစ်ပင်စိုက်ပွဲတော်များမှာ စုစုပေါင်း ၂၇၀၅၉၆ ပင်ကိုလည်း ဖြန့်ဝေပေးခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာမှာ သစ်တောများရဲ့ အဓိက

အခန်းမှပါဝင်နေကြောင်း ပြည်သူတို့အတွင်း နိုးကြားသည့်အသိဉာဏ်များ ရရှိရှင်သန်စေရေးအတွက် ပညာပေးဟောပြောမှုများကို ကျေးရွာများသို့သွားရောက်ဟောပြောစေခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ သစ်တောဦးစီးဌာနအနေဖြင့် ၃၃ ကြိမ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ၂၂ ကြိမ် ပညာပေးဟောပြောခဲ့ပါတယ်။

သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုမှာ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကို ၁၉၉၆ ခုနှစ်ကတည်းက စတင်တည်ထောင်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တစ်နိုင်ငံလုံးတည်ထောင်ပြီးစီးသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ၁၉၀၀၀၀ ကျော်တည်ရှိပြီး သာစည်မြို့နယ်မှာ ကျွန်တော်တို့ ဆက်လက်ထူထောင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရန် စိတ်ပါဝင်စားသူဒေသခံများမှ လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းချက်နှင့်အညီ ခွင့်ပြုပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးသွားတဲ့ ဝေးလံတဲ့ဒေသများမှာရှိတဲ့သစ်တောများကို ဒေသခံပြည်သူများက ထိန်းသိမ်းနိုင်ရန် မည်သို့ကူညီပေးနိုင်ပါသလဲဆိုရင် ဒေသခံအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းထူထောင်ခြင်းလုပ်ငန်းများနှင့် ဖန်တီးဖော်ဆောင်ပေးနိုင်ပါကြောင်းလည်း ဖော်ပြလိုပါတယ်။ သာစည်မြို့နယ်အတွင်း ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာအတွင်း စာရင်းကောက်ယူမှုကယာမြေ ၄၅၆.၅ ဧကကို စိစစ်တွေ့ရှိရတဲ့အတွက် အဲ့ဒီယာမြေတွေကို သီးနှံရောနှောသစ်တောစိုက်ခင်း၊ ဒေသခံအစုအဖွဲ့ပိုင်စိုက်ခင်းများအဖြစ် ထူထောင်ပေးသွားမှာ ဖြစ်ပါတယ်။ သာစည်မြို့နယ်ရဲ့ သစ်တောမြေပါဝင်မှု၊ မြို့နယ်ဧရိယာ ၃၈ ရာခိုင်နှုန်းကျော်ရှိသော်လည်း သာစည်မြို့နယ်အတွင်းမှာ သစ်တောဝန်ထမ်း ၂၉ ဦးသာရှိတဲ့အတွက် ဌာနဝန်ထမ်းတစ်ခုတည်းဖြင့် ထိန်းသိမ်းကာကွယ်ရန် လုံလောက်မှုမရှိပါ၍ သစ်တောများပြုစုထိန်းသိမ်းခြင်းနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာလုပ်ငန်းတို့ကို ဒေသခံပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တောင်သူလယ်သမားများ၏ဆန္ဒမှာ သီးနှံစတင်စိုက်ပျိုးချိန်တွင် သမဝါယမချေးငွေတစ်သိန်းကိုချေးပေးပြီး သီးနှံပေါ်ချိန်တွင် ပြန်ဆပ်မည့်ချေးငွေကို (၆)လတစ်ကြိမ်အစား တစ်နှစ်သို့ ပြောင်းလဲပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းဝင်များနှင့် ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန် ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရွှေဘိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ရွှေဘိုမြို့နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံချက် အရ သမဝါယမဝန်ကြီးဌာနရဲ့စီမံမှုနဲ့ လယ်ယာမြေအနည်းဆုံး နှစ်ဧကရှိသော အိမ်ထောင်စုတစ်စု လျှင် ကျပ်တစ်သိန်း အတိုးနှုန်း ၁.၅ ရာခိုင်နှုန်းနဲ့ ခြောက်လတစ်ကြိမ်ချေးပေးလျက်ရှိပါတယ်။ ခြောက်လပြည့်တဲ့အခါမှာ ငါးဦးဝိုင်းချုပ်စနစ်နဲ့ ပြန်ဆပ်ပါက ရက်ပိုင်းအတွင်းပြန်ချေးပေးသည်ဟု သိရပါတယ်။ တောင်သူလယ်သမားများမှာ ချေးငွေပြန်ဆပ်ချိန်မှာ သီးနှံပေါ်ချိန်မဟုတ်လို့ရှိရင် ဆပ်ရန်ငွေမရှိသဖြင့် တခြားငွေရှင်၊ ကြေးရှင်တွေကနေပြီးတော့မှ တစ်ရာလျှင်တစ်လ ခုနစ်ကျပ်ကနေ ရှစ်ကျပ်နှုန်းချေးပြီးတော့ ပြန်ဆပ်နေရပါတယ်။ အဲ့ဒီတော့ ပြန်ဆပ်တဲ့အချိန်အခါမှာ အတိုးငွေဟာ သမဝါယမဝန်ကြီးဌာနချေးငွေ ကျပ်တစ်သိန်း ခြောက်လအပေါ်မှာအတိုး ၉၀၀၀ ကျပ်နဲ့ ပြင်ပက ချေးယူပြီး တစ်လအတွက်အတိုး ၇၀၀၀၊ ၈၀၀၀ ကျပ် ပေးနေရပါတယ်။ တောင်သူလယ်သမားများရဲ့ ဆန္ဒမှာ သမဝါယမ ချေးငွေကို ခြောက်လ တစ်ကြိမ်ချေးပေးခြင်းအစား ချေးငွေကာလကိုတစ်နှစ်သို့ ပြောင်းလဲသတ်မှတ်ပေးပါက ပိုမိုအဆင်ပြေမယ်လို့ တင်ပြကြပါတယ်။ သို့ပါ၍ တောင်သူလယ်သမား များရဲ့လိုအပ်ချက်ကို သမဝါယမဝန်ကြီးဌာနမှ ဖြည့်ဆည်းပေးနိုင်ခြင်းရှိ/မရှိ တောင်သူလယ်သမားများ ရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်မှ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သမဝါယမဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းထွန်း(ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ သမဝါယမဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ဦးသန်းထွန်း ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်း ဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း၏

ရွှေဘိုမြို့နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးစီမံချက်အရ သမဝါယမဝန်ကြီးဌာန၏စီစဉ်မှုဖြင့် လယ်ယာမြေအနည်းဆုံး နှစ်ဧကရှိသောအိမ်ထောင်စုတစ်စုလျှင် ကျပ်တစ်သိန်း အတိုး ၁.၅ ရာခိုင်နှုန်းဖြင့် ခြောက်လတစ်ကြိမ် ချေးပေးလျက်ရှိရာ တောင်သူလယ်သမားများ၏ဆန္ဒမှာ သမဝါယမချေးငွေတစ်သိန်းကိုသီးနှံစတင်စိုက်ပျိုးတော့မည့်အချိန်တွင်ချေးပေးပြီး သီးနှံပေါ်ချိန်တွင် သီးနှံရောင်းချငွေဖြင့် ပြန်ဆပ်လိုကြပြီး သမဝါယမချေးငွေဟာ ခြောက်လတစ်ကြိမ် ချေးပေးခြင်းအစား ငွေချေးကာလကို တစ်နှစ်သို့ ပြောင်းလဲသတ်မှတ်ပေးပါက ပိုမိုအဆင်ပြေမည်ဖြစ်သဖြင့် သမဝါယမဝန်ကြီးဌာနမှ ဖြည့်ဆည်းပေးနိုင်ခြင်းရှိ/မရှိစပ်လျဉ်းတဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပိုမိုရှင်းလင်းစေရန်အတွက် ဇယားဖြင့် Power Point မှာ တင်ပြသွားမှာဖြစ်ပါတယ်။

သမဝါယမဝန်ကြီးဌာနဟာ နိုင်ငံတော်မှ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်မှာ ပါဝင်သောအသေးစားအရင်းအနှီးချေးငွေလုပ်ငန်းနှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်(၂)ရပ်၊ လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ပြီးစနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းဟာ လုပ်ငန်းစဉ်(၅)ရပ်ရဲ့ အခြေခံဖြစ်ပြီး အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းရဲ့ ရည်ရွယ်ချက်ကတော့ အတိုးနှုန်းသက်သာပြီး ပြည်သူများအတွက် လတ်တလောသက်သာချောင်ချိမှုရရှိစေရေးသာမကဘဲနဲ့ နောင် လေး၊ ငါးနှစ်ကြာတဲ့အခါ ငွေချေးစရာမလိုတော့ဘဲ မိမိဘာသာရပ်တည်လာနိုင်အောင် Selfreliance ဖြစ်အောင်နှင့် ၎င်းမှတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် Sustainable Development ဖြစ်အောင်အထိပါ မျှော်မှန်း ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank ချေးငွေအမေရိကန်ဒေါ်လာသန်း ၁၀၀ အနက် ပထမအကြိမ် EXIM Bank ချေးငွေအမေရိကန်ဒေါ်လာသန်း ၅၀ကို မိုးသီးနှံအကြိုအတွက် ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှာ အသင်းအဆင့်ဆင့် လမ်းကြောင်းအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အတိုးငွေတစ်လလျှင် တစ်ကျပ် ၅၀ ပြားနှုန်းဖြင့် ထုတ်ချေးခဲ့ရာမှာ ၂၀၁၄ ခုနှစ် ဇွန်လမှာ သတ်မှတ်ကာလ ခြောက်လပြည့်သည့်အတွက် သမဝါယမအသင်းသားတောင်သူများမှ အရင်း၊ အတိုးအားလုံးကို အပြေအကျေပြန်လည်ပေးဆပ်ခဲ့ကြရာ ဆုံးရှုံးမှုမရှိပြန်လည်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းပြန်လည်ရရှိငွေနှင့် ဒုတိယအကြိမ် EXIM Bank ချေးငွေအမေရိကန်ဒေါ်လာသန်း ၅၀ စုစုပေါင်း

အမေရိကန်ဒေါ်လာသန်း ၁၀၀ နှင့်ညီမျှသော မြန်မာကျပ်ငွေနှင့် အသင်းသားများရဲ့ အစု၊ စုဆောင်းငွေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုတို့အား ၂၀၁၄ ခုနှစ် ဇွန်လမှာ ဆောင်းသီးနှံအကြိုအတွက်ကြိုတင်၍ မြို့နယ် ၂၅၅ မြို့နယ်၊ အသင်း ၁၆၅၈၁ သင်း၊ အသင်းသား ၁၀၈၂၅၆၄ ဦးသို့ ထုတ်ချေးငွေကျပ်သန်း ၁၀၉.၅၄၆ ဘီလီယံကို ထပ်မံထုတ်ချေးခဲ့ရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် သတ်မှတ်ကာလ ခြောက်လပြည့်တဲ့အတွက် သမဝါယမအသင်းသားတောင်သူများမှ အရင်း၊ အတိုးအားလုံးကို အပြေအကျေပေးဆပ်ခဲ့ကြရာ ၁၀၀ ရာခိုင်နှုန်းပြန်လည်ရရှိခဲ့ပြီးဖြစ်ပါတယ်။

သမဝါယမဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုဖြင့် (၁) သမဝါယမအသင်းသားများ၏အစု၊ စုဆောင်းငွေများဖြင့်လည်းကောင်း၊ (၂) အသင်းအချင်းချင်းပံ့ပိုးချေးငွေများဖြင့်လည်းကောင်း၊ (၃) အသင်းပိုင်ပစ္စည်းများကို သမဝါယမဘဏ်တွင် အာမခံထား၍လည်းကောင်း၊ (၄) China EXIM Bank ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖြင့်လည်းကောင်း ပံ့ပိုးငွေများရယူ၍ ယနေ့ထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ် ၃၀၇ မြို့နယ်၊ အသင်းပေါင်း ၂၃၄၅၁ သင်း၊ အသင်းသားပေါင်း ၂၀၃၇၅၄၃ ဦးကို ထုတ်ချေးငွေကျပ်သန်း ၂၁၈.၆၀၉ ဘီလီယံ ထုတ်ချေးပေးလျက်ရှိပါတယ်။

သမဝါယမဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ်များ၌ ဒေသအလိုက် စိုက်ပျိုးရာသီချိန်မတူညီမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank ချေးငွေရယူဆောင်ရွက်ရာမှာ အထက်တွင်တင်ပြပါအတိုင်း စိုက်ပျိုးရာသီချိန်မတိုင်မီ အနီးစပ်ဆုံးခန့်မှန်းတွက်ချက်၍ အသင်းသားများသို့ ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပါတယ်။ သမဝါယမဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank တို့ နှစ်ဦးသဘောတူချေးငွေစာချုပ်တွင် ပထမ နှစ်နှစ်အတွင်း ခြောက်လတစ်ကြိမ်အတိုးပေး၍ တတိယနှစ်မှစ၍ ခြောက်လတစ်ကြိမ် အရင်း၏ ၁၆ ပုံ ၁ ပုံနှင့် ကျသင့်သည့်အတိုးကို ကျန်ရှစ်နှစ်မှာ ပေးဆပ်ရန်ဟုဖော်ပြပါရှိတယ်။

သမဝါယမအသင်းသားများသို့ ချေးငွေကာလ ခြောက်လအစားတစ်နှစ်ထိ တိုးမြှင့်သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank ချေးငွေဟာ ၄.၅ ရာခိုင်နှုန်းနှင့် Management Fee ၁ ရာခိုင်နှုန်း ကြိုတင်ပေးရခြင်းကြောင့် အတိုးနှုန်းဟာ ၄.၆ ရာခိုင်နှုန်းပေးချေရပြီး ပထမ နှစ်နှစ်မှာ အတိုးသာပေးရသော်လည်း ကျန် ရှစ်နှစ်မှာအရင်း၏ ၁၆ ပုံ ၁ ပုံနှင့်ကျသင့်သည့်အတိုးကို သုံးနှစ်မှစတင်၍ ခြောက်လတစ်ကြိမ် EXIM Bank သို့ ပေးသွင်း

ရမည်ဖြစ်ပါတယ်။ သမဝါယမအသင်းသားများသို့ ချေးငွေကာလခြောက်လအစား တစ်နှစ်အထိ တိုးမြှင့်ပါက သတ်မှတ်အရင်းငွေပြန်ဆပ်ရာတွင် အခက်အခဲရှိခြင်းနှင့် နှစ်ဦးသဘောတူချေးငွေ စာချုပ်ပါစည်းကမ်းနှင့် မကိုက်ညီခြင်းတို့ကြောင့် ချေးငွေကာလခြောက်လအစား တစ်နှစ်အထိ တိုးမြှင့်သတ်မှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အသင်းသားအဖြစ် စတင် လျှောက်ထားပြီး ချေးငွေစတင်ယူသော ပထမခြောက်လတစ်ကြိမ်မှာ အစုထည့်ဝင်ရပြီး ဒုတိယ ခြောက်လမှစတင်၍ ထုတ်ချေးငွေရဲ့ ၁၀ ရာခိုင်နှုန်းကို စုဆောင်းစေပြီး ခြောက်လတစ်ကြိမ် ပြန်ဆပ် ပြန်ချေးစနစ်ဖြင့် ဆောင်ရွက်ခြင်းကြောင့် ကျပ်သိန်း ၁၀၀ ဖြင့် စတင်ထုတ်ချေးသော အခြေခံ သမဝါယမအသင်းတစ်သင်းဟာ နောင်လေးနှစ်ကြာတဲ့အခါမှာ အသင်းရဲ့ထုတ်ချေးငွေ၊ အသင်းသား များရဲ့အစုငွေနှင့် စုဆောင်းငွေအပါအဝင် လည်ပတ်ငွေမှာ ကျပ် ၁၈၁.၈၆ သိန်းဖြစ်ပြီး ၎င်းအချိန်မှာပေးဆပ်ရမယ့်အရင်းဟာ ကျပ် ၈၁.၂၅ သိန်း သာကျန်ရှိမှာ ဖြစ်ပါတယ်။ အသင်းသားများ အားငွေစုဆောင်းတဲ့ အလေ့အကျင့်ဖြစ်စေပြီး နောင်လေးနှစ်ကြာတဲ့အခါမှာ မိမိဘာသာရပ်တည်နိုင် မှာဖြစ်ပါကြောင်း ရှင်းလင်းအပ်ပါတယ်။

ဒါကြောင့် သမဝါယမလုပ်ငန်းများ အောင်မြင်စေရေးအတွက် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ဝေဖန်အကြံပြုချက်များ၊ ပံ့ပိုးကူညီဆောင်ရွက်မှုများကိုလည်း သမဝါယမဝန်ကြီး ဌာနမှ လှိုက်လှဲစွာကြိုဆိုပါတယ်။ အချိန်မရွေး ဝေဖန်အကြံပြုနိုင်ပါကြောင်းနှင့် ဝေဖန်အကြံပြု ချက်များအပေါ်လည်း အလေးထားသုံးသပ်၍ ပြုပြင်လိုက်နာဆောင်ရွက်သင့်သည်များကို ပြုပြင် လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင် ပါတယ်။

**နိုင်ငံတကာမှ ထောက်ပံ့ငွေများကို လုပ်ငန်းကဏ္ဍအလိုက် မျှတစွာ ခွဲဝေသုံးစွဲနိုင်ခြင်းနှင့် လေလွင့် ဆုံးရှုံးမှုများ လျော့နည်းပပျောက်အောင် ပြန်လည်စစ်ဆေးကြပ်မတ်နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် မေးမြန်း မှာကတော့ နိုင်ငံတကာမှ ထောက်ပံ့ငွေများကို လုပ်ငန်းကဏ္ဍအလိုက် မျှတစွာခွဲဝေသုံးစွဲနိုင်ရေးနဲ့ လေလွင့်ဆုံးရှုံးမှုများ လျော့နည်းပပျောက်အောင် ပြန်လည်စစ်ဆေးကြပ်မတ်နိုင်ခြင်းရှိ/မရှိမေးခွန်း ဖြစ်

ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှ ငွေကြေးထောက်ပံ့သည့်အဖွဲ့အစည်းများ၊ ချေးငွေပံ့ပိုးသည့်အဖွဲ့အစည်းများအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများကို အကူအညီပေးတဲ့နေရာမှာ အဆင့်နှစ်မျိုးဖြင့် ပေးလျက်ရှိကြောင်းသိရပါတယ်။ ၎င်းတို့ကတော့ အစိုးရအဆင့် (State Level)၊ ဌာနလိုက်အဆင့် (Section Level) တို့ဖြစ်ပါတယ်။ နိုင်ငံတကာထောက်ပံ့ငွေများကို များသောအားဖြင့် လုပ်ငန်းနယ်ပယ် အလွှာလိုက် ခွဲဝေသုံးစွဲလျက်ရှိရာမှာ အများဆုံးသုံးစွဲသောအလွှာများမှာ အစိုးရဘတ်ဂျက်လိုငွေအတွက်ကျားကန်ပေးရခြင်း၊ သုတေသနနှင့် နည်းပညာပိုင်းဆိုင်ရာအတွက် ပံ့ပိုးသုံးစွဲရခြင်း၊ ဝန်ကြီးဌာနအလိုက် ရေတိုစီမံကိန်းများတွင်သုံးစွဲရခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုအတွက် သုံးစွဲပေးရခြင်းတို့ ဖြစ်ကြောင်းသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထောက်ပံ့ငွေအမြောက်အများရရှိတိုင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အပြည့်အဝမရနိုင်ကြောင်း နိုင်ငံတကာဖြစ်စဉ်များအရလည်း လေ့လာသိရှိရပါတယ်။ အဲ့ဒီလိုဖြစ်ပွားရခြင်းမှာ နိုင်ငံတကာထောက်ပံ့ငွေများကြောင့် အစိုးရရဲ့အခန်းကဏ္ဍပိုမိုကြီးမားလာပြီး ဈေးကွက်စီးပွားရေးအားနည်းလာတတ်ခြင်း၊ နိုင်ငံတကာထောက်ပံ့ငွေများကြောင့် အကြွေး၊ ဝန်ထုပ်ဝန်ပိုးကြီးမားလာကာ အစိုးရယန္တရားကို ကိုင်တွယ်ဆောင်ရွက်နေသူများအတွင်း အကျင့်ပျက်ချစားမှုများ တိုးပွားလာခြင်းကြောင့် ဈေးကွက်စီးပွားရေးအပေါ် ရိုက်ခတ်သူများဖြစ်ပေါ်စေနိုင်ခြင်းတို့ ဖြစ်ပါတယ်။ ဒီနေ့နိုင်ငံတော်အစိုးရရဲ့ နိုင်ငံရေးအပြောင်းအလဲကို အသိအမှတ်ပြုသောအားဖြင့် ထောက်ပံ့ငွေများ၊ ချေးငွေများလက်ခံရရှိနေရာ ဒေါ်လာ ၁ဝ ဘီလီယံကျော်ရှိလာကြောင်း လေ့လာသိရှိရပါတယ်။ နိုင်ငံတကာထောက်ပံ့ငွေများ၊ ချေးငွေများရယူခြင်းကို နှစ်သက်လိုလားပါတယ်။ သို့သော်လည်း ထိုငွေများရဲ့ အကျိုးသက်ရောက်မှုနဲ့ ဘေးထွက်ဆိုးကျိုးများကိုမူ ပြန်လည်သုံးသပ်သင့်ပါတယ်။ အထူးသဖြင့် ထောက်ပံ့ငွေချေးငွေများများရယူခြင်းထက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ ဝင်ရောက်လာအောင် ဦးစားပေးစီမံဆောင်ရွက်သင့်ကြောင်း သုံးသပ်တင်ပြလိုပါတယ်။ မေးမြန်းလိုသောအချက်များကတော့ အခြေခံအဆောက်အဦ လိုအပ်ချက်များကို လျင်မြန်စွာပြုပြင်ပေးနိုင်မည့်အစီအမံရှိ/မရှိ ထောက်ပံ့ငွေများအပေါ် အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်သည် ပြည်သူလူထု၏ အကျိုးစီးပွားအပေါ် သက်ရောက်မှုအပြည့်အဝ ရရှိအောင်ချိတ်ဆက်စီမံပေး နိုင်ခြင်းရှိ/မရှိနဲ့ နိုင်ငံတကာထောက်ပံ့ငွေ၊ ချေးငွေများကို ကဏ္ဍအလိုက်ခွဲဝေသုံးစွဲရာတွင် လေလွင့်ဆုံးရှုံးမှုအဟောသိကံအသုံးစရိတ်များဖြစ်ပေါ်ရေးအတွက် ပြန်လည်စိစစ်ကြပ်မတ်နိုင်ခြင်း ရှိ/မရှိ တို့ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်လှဲ့လှဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုမေးမြန်းတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လှဲ့လှဲ့သိန်းက ဖြေကြားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်အနေနဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းအဆင့်ဆင့်ကို ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုမူဝါဒအရ ဦးစားပေးကဏ္ဍများဖော်ထုတ်ပြီးတော့ နိုင်ငံခြားအကူအညီတွေ၊ အထောက်အပံ့တွေကို ဖွံ့ဖြိုးမှုစီမံချက်တွေအနေနဲ့ ဆောင်ရွက်တဲ့အခါမှာ ပြည်သူကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမယ့် ဦးစားပေးလုပ်ငန်းစဉ် (၇)ရပ်ဖြစ်တဲ့ လျှပ်စစ်မီး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှု၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်းနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံကို ပေးအပ်နေတဲ့အလှူရှင်နိုင်ငံ ၂၂ နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း ၅ ဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း ၁၈ ဖွဲ့၊ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ INGO ၁၄၈ ဖွဲ့တို့ကနေပြီးတော့ ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်တွေကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိပြီးတော့ ဒီစီမံချက်တွေကို အလှူရှင် နိုင်ငံ/အဖွဲ့အစည်းတွေကနေပြီးတော့ နိုင်ငံတော်ကို တိုက်ရိုက်သော်လည်းကောင်း၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ INGOs များကို ရန်ပုံငွေထည့်ဝင်၍လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအစိုးရတာဝန်ယူပြီးတဲ့ နောက်ပိုင်းမှာ နိုင်ငံတကာနဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေကနေပြီးတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကနေပြီးတော့ ၂၀၁၄ ဒီဇင်ဘာလကုန်ထိကို ဝန်ကြီးဌာနတွေကရရှိတဲ့စာရင်းအရ အကူအညီအထောက်အပံ့တွေဟာဆိုရင် လုပ်ငန်းစီမံချက် ၅၆၂ ခုကို အမေရိကန်ဒေါ်လာ ၂၉၅၄.၄၂၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီးတော့ ရရှိပြီးပမာဏက အမေရိကန်ဒေါ်လာ ၁၄၇၁.၃၂၇ သန်း ဖြစ်ပါတယ်။ အသေးစိတ်တင်ပြရမယ်ဆိုရင် ဝန်ကြီးဌာန ၃၀၊ ဗဟိုအဖွဲ့အစည်း နှစ်ခု၊ မန္တလေး စည်ပင်တို့ကနေပြီးတော့ စုစုပေါင်းလုပ်ငန်းစီမံချက်

၅၆၂ ခုအနက်မှာ လုပ်ငန်းစီမံချက် ၁၆၀ ကို အမေရိကန်ဒေါ်လာ ၂၄၉.၅၅ သန်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ဆောင်ရွက်ဆဲစီမံချက်အနေနဲ့ကတော့ လုပ်ငန်းစီမံချက် ၄၀၂ ခုကို အမေရိကန်ဒေါ်လာ ၂၇၀၄.၃၂၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ များသောအားဖြင့်ကတော့ ငွေကြေးအကူအညီထက် နည်းပညာအကူအညီတွေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အဲ့တော့ နိုင်ငံခြားအကူအညီအထောက်အပံ့နဲ့ဆောင်ရွက်တဲ့ ကဏ္ဍအလိုက်အကူအညီအထောက်အပံ့ရရှိမှုကို ကြည့်မယ်ဆိုလို့ရှိရင် ဆောက်လုပ်ရေးကဏ္ဍ ၁၈ ရာခိုင်နှုန်း၊ ပညာရေး ၁၅ ရာခိုင်နှုန်း၊ ကျန်းမာရေး ၁၂ ရာခိုင်နှုန်း၊ စိုက်ပျိုးရေး ကိုးရာခိုင်နှုန်း၊ အသက်မွေးဝမ်းကျောင်း ကိုးရာခိုင်နှုန်း၊ လူမှုရေး ရှစ်ရာခိုင်နှုန်း၊ ဆက်သွယ်ရေး ခြောက်ရာခိုင်နှုန်း၊ ပို့ဆောင်ရေး ငါးရာခိုင်နှုန်း၊ လျှပ်စစ် လေးရာခိုင်နှုန်း၊ သဘာဝဘေးအန္တရာယ် လေးရာခိုင်နှုန်း၊ စာရင်းအင်း နှစ်ရာခိုင်နှုန်း၊ မွေးမြူရေး နှစ်ရာခိုင်နှုန်း၊ ငွေကြေး နှစ်ရာခိုင်နှုန်း၊ အားကစား နှစ်ရာခိုင်နှုန်း၊ စွမ်းအင် တစ်ရာခိုင်နှုန်းနှင့် ရေရရှိရေး တစ်ရာခိုင်နှုန်းတို့ဖြစ်ပါတယ်။ ဒီရရှိတဲ့အကူအညီ အထောက်အပံ့တွေအနေနဲ့ လျှပ်စစ်ကဏ္ဍမှလွဲပြီးတော့ မိမိတို့ရဲ့ဦးစားပေးနယ်ပယ်တွေနဲ့ ကိုက်ညီမှုရှိကြောင်း တင်ပြအပ်ပါတယ်။ လျှပ်စစ်ကဏ္ဍကတော့ ပြန်ရချက်ရှိတဲ့ လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ အကူအညီရယူမှုနည်းပါးပြီးတော့ ချေးငွေနဲ့သာ ဆောင်ရွက်မှုများကြောင်း တင်ပြအပ်ပါတယ်။

ချေးငွေရယူမှုမှာတော့ အကူအညီအထောက်အပံ့ (GRANT/AID) တွေနှင့် မတူဘဲ ပေးသူနှင့် ယူသူနှစ်ဖက်စလုံးမှာ လုပ်ထုံးလုပ်နည်းတွေနဲ့ နောက်တစ်ခါ ညှိနှိုင်းဆောင်ရွက်မှုတွေရှိတဲ့အတွက်ကြောင့်မို့လို့ အချိန်ယူရပါတယ်။ ယခင်အစိုးရလက်ထက်မှာစတင်ခဲ့ပြီးတော့ ယခုအစိုးရလက်ထက်မှာရရှိတဲ့ချေးငွေနဲ့ ယခုအစိုးရလက်ထက်မှာ ဆောင်ရွက်ပြီးရရှိတဲ့ချေးငွေစုစုပေါင်းဟာ အမေရိကန်ဒေါ်လာသန်းပေါင်း ၄၄၆၁.၄၃၇ ဖြစ်ပြီးတော့ အဓိကအားဖြင့် စွမ်းအင်၊ စက်မှု၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးစတဲ့ အခြေခံအဆောက်အဦတွေကို ဖြည့်ဆည်းရေးအတွက် ဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်မှာ စတင်ဆောင်ရွက်ခဲ့တဲ့ ချေးငွေပမာဏအတော်များများကို ယခုအစိုးရလက်ထက်မှာသာ ရရှိပါတယ်။ ယခုအစိုးရလက်ထက်မှာ စုစုပေါင်းစီမံချက် ၂၆ ခုအတွက် ချေးငွေပေါင်း အမေရိကန်ဒေါ်လာ ၃၈၅၂.၉၂၈ သန်းကို ချေးယူဖို့ ညှိနှိုင်းထားပြီးတော့ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၅၀.၇၃၄ သန်း ရရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်က အတည်ပြုပြီးတဲ့နောက် ကဏ္ဍအလိုက်၊ ဝန်ကြီးဌာနအလိုက် ချေးငွေစာချုပ်တွေချုပ်ဆိုရေးနဲ့ ချေးငွေရရှိရေးအတွက်

ဆောင်ရွက်နေကြတဲ့လုပ်ငန်းတွေအရ ချေးငွေရရှိမယ်ဆိုရင် ဦးစားပေးအခြေခံအဆောက်အဦလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နောက်ထောက်ပံ့ငွေများအပေါ်မှာ အစိုးရအဖွဲ့ရဲ့ ဆောင်ရွက်ချက်တွေဟာ ပြည်သူလူထုရဲ့ အကျိုးစီးပွားအပေါ်မှာ သက်ရောက်မှုအပြည့်အဝရရှိအောင် ချိတ်ဆက်စီမံနိုင်ရေးနှင့် ပတ်သက်ပြီးတော့ အဖွဲ့အစည်းနှစ်ရပ် ဖွဲ့စည်းထားပါတယ်။ နိုင်ငံခြားအကူအညီအထောက်အပံ့များ စီမံခန့်ခွဲရေး ဗဟိုကော်မတီကို နိုင်ငံတော်သမ္မတကနေပြီးတော့ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီးတော့ မူဝါဒဆိုင်ရာတွေချမှတ်ပြီးတော့ လိုအပ်တဲ့လမ်းညွှန်မှုတွေကို ချမှတ်ပေးပါတယ်။ နိုင်ငံခြားအကူအညီအထောက်အပံ့များ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီကို သမ္မတရုံးဝန်ကြီးဌာန-၃၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီးတော့ ဗဟိုကော်မတီမှချမှတ်ပေးတဲ့မူဝါဒနှင့် မဟာဗျူဟာတွေကို အကောင်အထည်ဖော်တဲ့အခါမှာ အဆင့်မြင့်ကြီးကြပ်မှုတွေ ဆောင်ရွက်ပေးပါတယ်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေနဲ့ကတော့ ဝန်ကြီးဌာနများကြားမှာ ညှိနှိုင်းမှုတွေပြုလုပ်နိုင်ဖို့အတွက် အဆိုပါကော်မတီနှစ်ရပ်ရဲ့ အတွင်းရေးမှူးရုံးအနေနဲ့ ဆောင်ရွက်ပြီးတော့ တစ်နိုင်ငံချင်း Bilateral အလိုက်သော်လည်းကောင်း၊ နိုင်ငံတကာ Multilateral အဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့ ညှိနှိုင်းမှုတွေပြုလုပ်ခြင်းနှင့် အမျိုးသားဦးစားပေးအစီအစဉ်တွေ၊ မဟာဗျူဟာတွေနဲ့ အကူအညီအရင်းအမြစ်တွေ သဟဇာတဖြစ်ဖို့အတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။

နောက်နိုင်ငံတကာထောက်ပံ့ငွေ၊ ချေးငွေတွေကို ကဏ္ဍအလိုက် ခွဲဝေသုံးစွဲတဲ့အခါမှာ လေလွင့်ဆုံးရှုံးမှုအသုံးစရိတ်တွေမဖြစ်ပေါ်စေရေးအတွက် သုံးသပ်အစီရင်ခံတဲ့အခြေအနေတွေကို ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။ စီမံကိန်းများနှင့်စပ်လျဉ်းတဲ့ အခြေအနေတွေကို စောင့်ကြပ်ကြည့်ရှုခြင်း၊ အကဲဖြတ်ခြင်း (M&E- Monitoring and Evaluation) ကိုဆောင်ရွက်ဖို့အတွက် သက်ဆိုင်ရာစီမံကိန်းအကောင်အထည်ဖော်တဲ့ ဝန်ကြီးဌာနတွေမှာ စီမံကိန်းကြီးကြပ်ရေးယူနစ် (Project Management Unit) တွေကို ထားရှိပြီးတော့ လစဉ်စီမံကိန်းပြီးစီးအကောင်အထည်ဖော်မှုအခြေအနေကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကို မိတ္တူပေးပြီးတော့ အစိုးရအဖွဲ့ရုံးကို ပုံမှန်တင်ပြလျက်ရှိပါတယ်။ အဆိုပါစီမံချက်တွေနဲ့စပ်လျဉ်းပြီးတော့ နိုင်ငံတကာကပံ့ပိုးတဲ့အကူအညီတွေ၊ အထောက်အပံ့တွေကို ထိရောက်စေဖို့၊ မိမိတို့ရဲ့ ဦးစားပေးလုပ်ငန်းတွေနဲ့ ကိုက်ညီ

စေဖို့အတွက် အကူအညီအထောက်အပံ့များဆိုင်ရာ သတင်းအချက်အလက်စနစ် (Aid Information Management System)ကိုလည်း ထူထောင်ထားရှိပြီးတော့ အကူအညီအထောက်အပံ့တွေပေးတဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့၊ ဝန်ကြီးဌာနတွေဘက်ပေးပို့တဲ့ စီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာ သတင်းအချက်အလက်တွေကို တိုက်ဆိုင်စိစစ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတကာနဲ့ အဖွဲ့အစည်းတွေက ပေးအပ်တဲ့အကူအညီအထောက်အပံ့တွေ ထိရောက်မှုရှိရေးနဲ့ အလေအလွင့်မရှိစေဖို့အတွက် ဒီအကူအညီတွေနဲ့ လုပ်ငန်းစီမံကိန်းတွေကို အကောင်အထည်ဖော်လျက်ရှိတဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတွေ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနတွေနဲ့ အကူအညီပေးအပ်တဲ့နိုင်ငံ/အဖွဲ့အစည်းတွေအားလုံးတို့ရဲ့ ပူးပေါင်းကြီးကြပ်ကွပ်ကဲမှုနဲ့ ဆီလျော်မှုရှိစေဖို့၊ ထိရောက်ပြီးတော့ စွမ်းဆောင်မှုမြင့်မားစေဖို့နဲ့ အကျိုးသက်ရောက်မှုနဲ့ ရေရှည်တည်တံ့မှုရှိစေဖို့အတွက် အကောင်အထည်ဖော်မှုတွေကို စောင့်ကြပ်ကြည့်ရှုအကဲဖြတ်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် နိုင်ငံရဲ့တိုးတက်မှုနဲ့ ဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေမယ့်လုပ်ငန်းတွေကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်သကဲ့သို့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေရဲ့ အကူအညီအထောက်အပံ့တွေကိုလည်း အထိရောက်ဆုံး အကျိုးရှိစွာဆောင်ရွက်စေခြင်းအားဖြင့် မြန်မာနိုင်ငံမှဆောင်ရွက်နေတဲ့ ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုစေမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကိုတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသန်းနွယ်(အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝင်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ်ဖြစ်ပါ

တယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့်အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌကိုယ်စား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်များနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆၊ ၉၈ နှင့် ၁၀၀ တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဆောင်ရွက်ထားရှိမှုအခြေအနေကို ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ အစီရင်ခံစာ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

**ရည်ရွယ်ချက်**

၂။ ၁၁-၉-၂၀၁၄ မှ ၂၈-၁၁-၂၀၁၄ ရက်နေ့အထိ ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်တွင်း ကြယ်ပွင့်ပြမေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပထမပုံမှန်မှ ဒသမပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြမေးမြန်းခဲ့သည့် မေးခွန်းများနှင့် အဆိုများအနက် မပြီးပြတ်သေးသည့် လုပ်ငန်းများ၊ တတိယပုံမှန်မှ ဒသမပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်မပြမေးမြန်းခဲ့သည့် မေးခွန်းများမှ မပြီးပြတ်သောလုပ်ငန်းများနှင့် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြ စာဖြင့်မေးမြန်းခဲ့သည့် မေးခွန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ နောက်ဆုံးဆောင်ရွက်ချက်များအားစိစစ်ပြီး အစိုးရ၏လုပ်ငန်းအကောင်အထည်ဖော်မှုအား ထိန်းညှိရန်နှင့် ဆောင်ရွက်ပြီးစီးမှုများအား ပုံမှန်အစည်းအဝေးသို့ တင်ပြရန်။

**မူကြမ်း**

**ကော်မတီ၏လုပ်ဆောင်ချက်**

၃။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ၁၂-၁၂-၂၀၁၄ ရက်နေ့ (၁၃း၀၀) နာရီအချိန် (I-3) အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများကို ဖိတ်ကြား၍ အစည်းအဝေးတစ်ရပ်ပြုလုပ်ပြီး ဌာနအလိုက်ကတိပြုခဲ့သည့်လုပ်ငန်းများနှင့် ပတ်သက်သည့် လုပ်ဆောင်ချက် နောက်ဆုံးအခြေအနေများကို ညှိနှိုင်းတောင်းခံခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ ပြန်လည်ဖြေကြားချက်များကို အခြေခံပြီး အောက်ပါအတိုင်း အပိုင်း(၄)ပိုင်းဖြင့် ပြုစုတင်ပြအပ်ပါတယ်။

အပိုင်း(၁)ကတော့ ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ (၁၁-၉-၂၀၁၄ မှ ၂၈-၁၁-၂၀၁၄) ကာလတွင် လွှတ်တော်တွင်း မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း (၁၇၁)ခု၊ ကတိဖြစ်ခဲ့သော မေးခွန်း(၃၀)ခုအနက် ဆောင်ရွက်ပြီး လုပ်ငန်း(၁)ခုနှင့် မပြီးပြတ်သေးသော လုပ်ငန်း(၂၉)ခုရှိပါတယ်။ ၎င်း(၂၉)ခုတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ဆဲလုပ်ငန်း (၁၃)ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် နောက်ပိုင်းမှာ ဆောင်ရွက်ပေးမည့် လုပ်ငန်း(၁၆)ခုရှိပါတယ်။ တင်သွင်းခဲ့သည့် အဆို(၆)ခုမှ အတည်ပြု(၃)ခုအနက် ဆောင်ရွက်ပြီး အဆို(၁)ခုနှင့် ဆောင်ရွက်ရန်ကျန် အဆို(၂)ခုဖြစ်ပေါ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများမှ ဖြေကြားချက်များ အသေးစိတ်ကို နောက်ဆက်တွဲ(က) ဖြင့်တင်ပြထားပါတယ်။

အပိုင်း(၂)မှာ ပထမပုံမှန်မှ ဒသမပုံမှန်အထိ ကြယ်ပွင့်ပြ ကတိဖြစ်ခဲ့သော မေးခွန်း (၇၉၀)ခုအနက်မှ ပြီးစီးသည့် မေးခွန်း (၅၆၄)ခု၊၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ဆဲ (၁၄၆)ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နောက်ပိုင်းဆောင်ရွက်မည့်လုပ်ငန်း (၈၀)ခုရှိတဲ့အတွက် မပြီးပြတ်သေးသော မေးခွန်း(၂၂၆)ခုကျန်ရှိပါတယ်။ အတည်ပြုခဲ့သော အဆို(၇၉)ခုအနက် ပြီးစီးသည့် အဆို (၆၈)ခု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ဆဲ (၁၁)ခု ဖြစ်သဖြင့် မပြီးပြတ်သေးသောအဆို (၁၁)ခု ကျန်ရှိပါတယ်။ အဆိုပါ လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများမှ ဖြေကြားချက်များကို နောက်ဆက်တွဲ(ခ)တွင် ဇယားဖြင့် အသေးစိတ်ခွဲခြားတင်ပြထားပါတယ်။

**မူကြမ်း**

အပိုင်း(၃) တတိယပုံမှန်မှ ဒသမပုံမှန်အထိ အစည်းအဝေးများတွင် ကြယ်ပွင့်မပြမေးခွန်းများအနက် ကတိဖြစ်ခဲ့သောမေးခွန်း(၂၂၂၄)ခုနှင့်ပတ်သက်၍ ပြီးစီးမှု (၁၁၉၅)ခု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဆောင်ရွက်ဆဲ(၅၈၃)ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နောက်ပိုင်းဆောင်ရွက်မည့် လုပ်ငန်း(၄၄၆)ခု စုစုပေါင်း မပြီးပြတ်သေးသည့် လုပ်ငန်း(၁၀၂၉)ခုရှိပါတယ်။ ၎င်းလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ နောက်ဆုံးဆောင်ရွက်ထားရှိမှုအခြေအနေအား နောက်ဆက်တွဲ(ဂ)ဇယားဖြင့် ဖော်ပြထားပါတယ်။

အပိုင်း(၄)မှာ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြ မေးခွန်း(၆၃၄)ခုအနက် ကတိဖြစ်ခဲ့သောမေးခွန်း (၁၇၁)ခုနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ စာဖြင့် ဖြေကြားချက်များသည် ဖြေကြားထားသည်မှာ မကြာသေးသဖြင့် မူရင်းဖြေကြားချက်အတိုင်း သိရှိရန် နောက်ဆက်တွဲ(ဃ)ဖြင့် ဖော်ပြထားပါတယ်။

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်မှ ဒသမပုံမှန်အစည်းအဝေးအတွင်း ကြယ်ပွင့်ပြမေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ တတိယပုံမှန်မှ ဒသမပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်မပြမေးမြန်းခဲ့သည့် မေးခွန်းများနှင့်ပတ်သက်၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဖြေကြားချက်များအား လွှတ်တော်ကိုယ်စားလှယ်များ လေ့လာသိရှိပြီး လိုအပ်သလို ဆောင်ရွက်နိုင်ရန် ကော်မတီမှ CD ဖြင့် အသေးစိတ်ပြုစုတင်ပြထားပါသည်။

ကော်မတီ၏သုံးသပ်ချက်

၅။ ပထမအကြိမ်မှ ဒသမအကြိမ် ပုံမှန်အစည်းအဝေးထိ ကတိဖြစ် ကြယ်ပွင့်ပြမေးခွန်း (၇၉၀)ခုမှ (၅၆၄)ခု ပြီးစီးခဲ့သဖြင့် ပြီးစီးမှုရာခိုင်နှုန်း(၇၁.၄)ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ဆဲလုပ်ငန်း(၁၄၆)ခုဖြစ်သဖြင့် ဆောင်ရွက်ဆဲလုပ်ငန်း ရာခိုင်နှုန်း(၁၈.၄၈) ရာခိုင်နှုန်းဖြစ်၍ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် အဆိုပါလုပ်ငန်းများအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ(၉၆)အညီ အရည်အသွေးမီ၊ အချိန်ကိုက် ပြီးစီးအောင်ဆောင်ရွက်ရန် သက်ဆိုင်ရာ အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများက တွန်းအားပေးကြီးကြပ်ဆောင်ရွက်နိုင်ပါက လုပ်ငန်းပြီးစီးမှု ၈၉.၈၈ ရာခိုင်နှုန်း ဖြစ်နိုင်မည်ဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။

**မူကြမ်း**

၆။ ထို့အပြင် တတိယအကြိမ်မှ ဒသမပုံမှန်အစည်းအဝေးအထိ ကတိဖြစ် ကြယ်ပွင့်မပြမေးခွန်း (၂၂၂၄)ခုမှ(၁၁၉၅)ခု ပြီးစီးခဲ့သဖြင့် ပြီးစီးမှုရာခိုင်နှုန်း(၅၃.၆၉)ရာခိုင်နှုန်းဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၏ ဆောင်ရွက်ဆဲလုပ်ငန်း (၅၈၃)ခု ဖြစ်သဖြင့် ဆောင်ရွက်ဆဲလုပ်ငန်း ရာခိုင်နှုန်း (၂၆.၂၆)ရာခိုင်နှုန်းဖြစ်၍ အဆိုပါ ဆောင်ရွက်ဆဲလုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာရေးနှစ်ကာလ အတွင်း အပြီးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများမှ ကြိုးကြပ်ဆောင်ရွက်နိုင်ပါက လုပ်ငန်းပြီးစီးမှု(၇၉.၉၅)ရာခိုင်နှုန်း ဖြစ်နိုင်မည်ဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။

၇။ အထက်အပိုဒ်ပါ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာနများ၊ အဖွဲ့အစည်းများမှ ကတိဖြစ်ခဲ့သည့် ကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြမေးခွန်း (၃၀၁၄) ခုအနက် လုပ်ငန်းပြီးစီးမှု (၁၇၅၉)ခု ဖြစ်သဖြင့် လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်း(၅၈.၃၃)ရာခိုင်နှုန်းဖြစ်သဖြင့် ဆောင်ရွက်ဆဲလုပ်ငန်း (၇၂၉)ခုဖြစ်၍ ဆောင်ရွက်ဆဲရာခိုင်နှုန်း (၂၄.၂၂)ရာခိုင်နှုန်းဖြစ်၍ သတ်မှတ်ဘဏ္ဍာရေးနှစ်ကာလအတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ပါက ကြယ်ပွင့်ပြနှင့်ကြယ်ပွင့်မပြ ကတိဖြစ်မေးခွန်းများ၏ (၈၂.၅၅) ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ ကတိဖြစ် အဆိုများနှင့်ပတ်သက်၍ ပထမအကြိမ်ပုံမှန်မှ ဒသမအကြိမ် ပုံမှန်အစည်းအဝေးအထိ အဆို (၇၉)ခုအနက် (၆၈)ခု ပြီးစီးခဲ့၍ ပြီးစီးမှုရာခိုင်နှုန်း (၈၆.၁)ရာခိုင်နှုန်း ဆောင်ရွက်ဆဲအဆို (၁၁)ခုဖြစ်၍ ဆောင်ရွက်ဆဲ ရာခိုင်နှုန်း (၁၃.၉) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် အတွက် ပြည်သူ့ကိုယ်စားလှယ်များမှ ဆွေးနွေးညှိနှိုင်း ကူညီဆောင်ရွက်ပေးနိုင်ရန် သုံးသပ်တင်ပြအပ်ပါတယ်။

၈။ ကော်မတီသည်ကတိဖြစ်သော လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေခွဲဝေရရှိရန်အတွက် ထည့်သွင်းရေးဆွဲ၍ ပါဝင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များအတွင်း ဆောင်ရွက်ပေးရန် ကတိပြုထားသော ကြယ်ပွင့်ပြမေးခွန်း (၈၀)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၄၄၆)ခုရှိပါတယ်။ အတည်ပြုသော အဆိုများ အနက် ဆောင်ရွက်ဆဲ(၁၁)ခုကျန်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးမည်ဟု ကတိပြုထားသော လုပ်ငန်းများအတွက် လိုအပ်သော ဘဏ္ဍာငွေအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာ

ရေးအသုံးစာရင်းတွင် ထည့်သွင်းတောင်းခံရေးအတွက် စိစစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း သုံးသပ်ရပါတယ်။

၉။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၉၆ အရ ကော်မတီက ကတိဖြစ်သော မေးခွန်းများ၊ အဆိုများအပေါ် လိုက်နာဆောင်ရွက်ပြီးစီးခြင်းရှိ/မရှိ စစ်ဆေးရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ပြန်ကြားချက်များကို စိစစ်ခြင်း၊ အခါအားလျော်စွာ မြေပြင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး ကြပ်မတ်ဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း သုံးသပ်ရပါတယ်။

**နိဂုံး**

၁။ **ကြယ်ပွင့်ပြ**

(က) ကြယ်ပွင့်ပြလုပ်ငန်းလက်ကျန်(၁၄၆)ခုရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်သည် ၂၀၁၅ခုနှစ် မတ်လ(၃၁)ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် ဧပြီလကုန်လောက်တွင် လုပ်ငန်းများပြီး/မပြီးကို ဝန်ကြီးဌာနများမှ တောင်းယူရရှိမည်ဖြစ်ပါ၍ ၂၀၁၄-၂၀၁၅ လုပ်ငန်းလက်ကျန်များ၏ ပြီးစီးမှုအခြေအနေကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာတင်ပြသွားပါမည်။

(ခ) ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည့် လုပ်ငန်းလက်ကျန် (၇၇)ခုကိုလည်း ၂၀၁၅ ခုနှစ် ဧပြီလ(၁)ရက်နေ့မှ ဘတ်ဂျက်စတင်မည် ဖြစ်ပါသဖြင့် ၎င်းလုပ်ငန်းများ ပြီး/မပြီးကို ဘဏ္ဍာရေးနှစ်ကုန်မှသိရှိရမည်ဖြစ်ပါ၍ အနီးစပ်ဆုံးလွှတ်တော်အစည်းအဝေးတွင် ပြီးစီးမှု အခြေအနေများကို တင်ပြသွားပါမည်။

(ဂ) ၂၀၁၆ ခုနှစ်နောက်ပိုင်းမှ ဆောင်ရွက်ပေးမည့်ဟု ကတိပေးထားသော လုပ်ငန်းများ (၃)ခုသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလမှ ပြီးစီးနိုင်မည်ဖြစ်ပါသဖြင့် ၎င်းလုပ်ငန်းများကို ကတိစာရင်းမှပယ်ဖျက်ပေးရန် ဝန်ကြီးဌာနများသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် ညှိနှိုင်းပေးပို့လျက်ရှိပါသဖြင့် ဝန်ကြီးဌာနများမှ အားလုံးရရှိပြီးပါက အနီးစပ်ဆုံး လွှတ်တော်သို့ တင်ပြသွားပါမည်။

၂။ **ကြယ်ပွင့်မပြ**

(က) ကြယ်ပွင့်မပြလုပ်ငန်းလက်ကျန် (၅၈၃)ခုရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်သည် ၂၀၁၅ ခုနှစ် မတ်လ (၃၁)ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် ဧပြီလကုန်လောက်တွင် လုပ်ငန်းများပြီး/မပြီးကို ဝန်ကြီးဌာနများမှ တောင်းယူရရှိမည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ လုပ်ငန်းလက်ကျန်များ၏ ပြီးစီးမှုအခြေအနေကို ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာတင်ပြသွားပါမည်။

(ခ) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည့်လုပ်ငန်းလက်ကျန်(၄၂၄)ခုကိုလည်း ၂၀၁၅ ခုနှစ် ဧပြီလ(၁)ရက်နေ့မှ ဘတ်ဂျက်စတင်မည်ဖြစ်ပါသဖြင့် ၎င်းလုပ်ငန်းများပြီး/မပြီးကို ဘဏ္ဍာရေးနှစ်ကုန်မှ သိရှိရမည်ဖြစ်ပါ၍ အနီးစပ်ဆုံးလွှတ်တော်အစည်းအဝေးတွင် ပြီးစီးမှုအခြေအနေများကို တင်ပြသွားပါမည်။

(ဂ) ၂၀၁၆ ခုနှစ်နောက်ပိုင်းမှ ဆောင်ရွက်ပေးမည့်ဟု ကတိပေးထားသော လုပ်ငန်းများ (၂၂)ခုသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလတွင်မှ ပြီးစီးနိုင်မည်ဖြစ်ပါသဖြင့် ၎င်းလုပ်ငန်းများကို ကတိစာရင်းမှ ပယ်ဖျက်ပေးရန် ဝန်ကြီးဌာနများသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် ညှိနှိုင်းပေးပို့လျက်ရှိပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ အားလုံးရရှိပြီးပါက အနီးစပ်ဆုံး လွှတ်တော်သို့ တင်ပြသွားပါမည်။

၃။ **အဆို**

အဆိုလုပ်ငန်းလက်ကျန်(၁၁)ခုရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်သည် ၂၀၁၅ခုနှစ်မတ်လ (၃၁)ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်ပါ၍ ၂၀၁၅ခုနှစ် ဧပြီလကုန် လောက်တွင် လုပ်ငန်းများပြီး/မပြီးကို ဝန်ကြီးဌာနများမှ ဆောင်ရွက်ပြီးလုပ်ငန်းများကို တောင်းယူရရှိမည်ဖြစ်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာ တင်ပြသွားပါမည်။

၄။ ကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြ ကတိပေးထားသည့် လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းလက်ကျန်များမရှိအောင် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊

**မူကြမ်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အပါအဝင်တို့နှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ၎င်းတို့မှ ပြီးပြတ်အောင်ဆောင်ရွက်ပေးရန် ညှိနှိုင်းပြီး ၎င်းတို့၏ တင်ပြချက်များကို လွှတ်တော်သို့ တင်ပြသွားပါမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက် များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၅-၂-၂၀၁၅ နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါမယ်။

အချိန်၊ ၁၁း၁၀။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။]

အချိန်၊ ၁၁း၄၅။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးစတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးဗဟိုအဖွဲ့က အမျိုးဘာသာသာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပေးရန် တိုက်တွန်းခဲ့ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာဥပဒေနှင့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေတို့ကိုရေးဆွဲဖို့ တာဝန်ယူခဲ့ရပါတယ်။ အဲဒီလိုရေးဆွဲတဲ့နေရာမှာ မြန်မာနိုင်ငံမှာ လက်ရှိတည်ဆဲဥပဒေဖြစ်တဲ့ ၁၉၅၄ ခုနှစ်၊ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာဥပဒေဟာ လက်ရှိခေတ်အခြေအနေနှင့် ကိုက်ညီခြင်းမရှိကြောင်း တွေ့ရှိရတဲ့အတွက် ခေတ်နှင့်ညီညွတ်တဲ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာဥပဒေကို အသစ်ရေးဆွဲခဲ့ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသစ်ရေးဆွဲထားတဲ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာဥပဒေကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါတယ်ခင်ဗျား။

# မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစိုးစိုး ဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန်ပေးအပ်ချက်အရ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့လာသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၈-၁၁-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁/ပသ(စည်းဝေး) ၁၀/၂၀၁၄-၄၇၇ ဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ အမျိုးဘာသာသာသနာစောင့်ရှောက်ရေး(ဗဟို)ရဲ့ တိုက်တွန်းချက်ဖြစ်သော ဥပဒေ(၄)ရပ်ကို လိုအပ်ပါက ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ၂၅-၂-၂၀၁၄ ရက်စွဲပါစာဖြင့် ပေးပို့ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ နိုင်ငံတော်သမ္မတထံမှ ပေးပို့စာကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြခဲ့ပြီး ပြည်ထောင်စုလွှတ်တော်နာယကထံမှ

နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၇-၂-၂၀၁၄ ရက်စွဲပါစာဖြင့် အကြောင်းပြန်ကြားစာ ပေးပို့ထားကြောင်း တွေ့ရှိရပါသည်။

၄။ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေး(ဗဟို)အဖွဲ့က အမျိုးဘာသာသာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဥပဒေ(၄)ရပ်ကို ပြဋ္ဌာန်းပေးရန် တိုက်တွန်းခဲ့သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဤဥပဒေကြမ်းကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၂-၁-၂၀၁၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော်လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ယင်းဥပဒေတွင် အခန်းပေါင်း (၁၀) ခန်းနှင့် ပုဒ်မပေါင်း (၄၄) ခု ပါရှိပါသည်။

(၂) ဥပဒေခေါင်းစီးအား အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

၂၀၁၅ ခုနှစ်၊ လ ရက်

(၃) အခန်း(၁) ခေါင်းစဉ်အား အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်ဟု ပြင်ဆင်ပါသည်။

(၄) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) တွင်ပါရှိသော တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ စကားရပ်မှာ မလိုအပ်သဖြင့် ပယ်ဖျက်ပြီး ဤဥပဒေအရ စကားရပ်အား ဤဥပဒေနှင့်အညီဟု ပြင်ဆင်ပါသည်။

(၅) အပိုဒ် ၃ အပိုဒ်ခွဲ(ခ) တွင်ပါရှိသော ပြည်ထောင်စုမြန်မာနိုင်ငံသား စကားရပ်အား မြန်မာနိုင်ငံသားဟု ပြင်ဆင်ပါသည်။

(၆) အခန်း(၂) ဤဥပဒေနှင့်မသက်ဆိုင်သူများ ဆိုသည့်အခန်းမှာ မလိုအပ်သဖြင့် ပယ်ဖျက်ပါသည်။

(၇) အခန်း(၃)အား အခန်း(၂)အဖြစ် ပြောင်းလဲပြင်ဆင်ပြီး ထိမ်းမြားနိုင်သူများဟု ပြင်ဆင်ပါသည်။

(၈) အခန်း(၄)အား အခန်း(၃)အဖြစ် ပြောင်းလဲပြင်ဆင်ပြီး ထိမ်းမြားခြင်းဟု ပြင်ဆင်ပါသည်။

(၉) အခန်း(၄) အပိုဒ် ၁၁ အား အပိုဒ် ၆ အဖြစ် ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ၎င်းတို့တစ်ဦးဦး စကားရပ်များအား ယင်းတို့တစ်ဦးဦးဟု အသီးသီးပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၁၂ အား အပိုဒ် ၇ အဖြစ် ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အခန်း (၃) ပုဒ်မ ၉ စကားရပ်အား အခန်း (၂) ပုဒ်မ ၄ ဟု ပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၁၃ အား အပိုဒ် ၈ အဖြစ် ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ လက်မှတ်ထိုးရမည် စကားရပ်အား လက်မှတ်ရေးထိုးရမည်ဟု ပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၁၄ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၉။ မှတ်ပုံတင်အရာရှိသည် -

(က) လျှောက်လွှာမိတ္တူတစ်စောင်ကို မိမိ၏ရုံးရှိ အများမြင်သာသည့်နေရာ၌ ကပ်ရမည့်အပြင် တရားမကျင့်ထုံးဥပဒေအရ သမ္မန်စာများ သို့မဟုတ် နို့တစ်စာများ ချအပ်သည့်နည်းလမ်းနှင့်အညီ အောက်ပါပုဂ္ဂိုလ်များထံသို့ အကြောင်းကြားစာများ ပေးပို့ရမည် -

(၁) ထိမ်းမြားမည့် မိန်းမသည် အသက် ၂၀ နှစ် မပြည့်သေးလျှင် ယင်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူ၊

(၂) မိန်းမသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ထိမ်းမြားခဲ့သည့် ယင်း၏ ယောကျ်ား၊

(၃) ယောကျ်ားသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ထိမ်းမြားခဲ့သည့် ယင်း၏ မိန်းမ။

(ခ) လျှောက်လွှာမိတ္တူပေးခြင်း ခံရမည့်သူ တစ်ဦးတစ်ယောက်၏ နေရပ်သည် မှတ်ပုံတင်အရာရှိ၏ စီမံခန့်ခွဲပိုင်ခွင့်အာဏာ နယ်နိမိတ်ပြင်ပတွင် ရှိလျှင် မိတ္တူတစ်စောင်ကို ထိုသူထံ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍ ဖြစ်စေ၊ လူလွှတ်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ပေးပို့နိုင်သည်။

(၁၃) အပိုဒ် ၁၅ အား အပိုဒ် ၁၀ အဖြစ် ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၁၄ စကားရပ်အား ပုဒ်မ ၉ ဟုလည်းကောင်း၊ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၈ စကားရပ်အား ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၃ ဟု အသီးသီးပြင်ဆင်ပါသည်။

(၁၄) အပိုဒ် ၁၆ အား အပိုဒ် ၁၁ အဖြစ် ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၁၁ စကားရပ်အား ပုဒ်မ ၆ ဟုလည်းကောင်း၊ ပုဒ်မ ၉ စကားရပ်အား ပုဒ်မ ၄ ဟု အသီးသီး ပြင်ဆင်ပါသည်။

(၁၅) အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)အား အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ) အဖြစ် ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ရုံးတည်ရှိရာ စကားရပ်အား စီမံခန့်ခွဲပိုင်ခွင့်ရှိသည် ဟု ပြင်ဆင်ပါသည်။

(၁၆) အပိုဒ် ၁၈ အပိုဒ်ခွဲ(က)အား အပိုဒ် ၁၃ အပိုဒ်ခွဲ(က) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၁၁ စကားရပ်အား ပုဒ်မ ၆ ဟုလည်းကောင်း၊ ပုဒ်မ ၉ စကားရပ်အား ပုဒ်မ ၄ ဟု အသီးသီးပြင်ဆင်ပါသည်။

(၁၇) အပိုဒ် ၁၈ အပိုဒ်ခွဲ(ဃ)အား အပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ)အဖြစ် ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အကျဉ်းနည်းဖြင့် စကားရပ်အား တရားမအထွေထွေလျှောက်ထားမှု အဖြစ် ဟုပြင်ဆင်၍ ထိုအမိန့်သည် အပြီးသတ်ဖြစ်သည် စကားရပ်အား ပယ်ဖျက်ပါသည်။

**မူကြမ်း**

(၁၈) အပိုဒ် ၁၃ အပိုဒ်ခွဲ(င)အဖြစ် ထိုအမိန့်ကို ကျေနပ်မှုမရှိပါက သက်ဆိုင်ရာခရိုင်တရားရုံး သို့ အယူခံဝင်ခွင့်ရှိသည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၁၉) အပိုဒ် ၁၉ အား အပိုဒ် ၁၄ အဖြစ် ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၁၅ သို့မဟုတ် ပုဒ်မ ၁၈ စကားရပ်အား ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၃ ဟု ပြင်ဆင်ပါသည်။

(၂၀) အပိုဒ် ၂၀ အား အပိုဒ် ၁၅ အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၁၉ စကားရပ်အား ပုဒ်မ ၁၄ ဟု ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၂၂ အား အပိုဒ် ၁၇ အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ကို မှတ်ပုံတင်အရာရှိသည် ထိမ်းမြားခြင်းဆိုင်ရာ စာတမ်းအမှတ်အသားများ၏ တာဝန်ခံ မိတ္တူများကို ရလိုကြောင်းလျှောက်ထားပါက သတ်မှတ်ထားသည့် အခကြေးငွေကို ပေးဆောင်လျှင် လျှောက်ထားသူအား ထုတ်ပေးရမည်ဟု ပြင်ဆင်ပါသည်။

(၂၂) အပိုဒ် ၂၃ အား အပိုဒ် ၁၈ အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ သက်သေခံအဖြစ် လက်ခံရမည်။ နောက်ထပ် သက်သေထင်ရှားပြရန်မလို စကားရပ်အား သက်သေခံ အဖြစ် မှန်သည်ဟု မှတ်ယူရမည်ဟု ပြင်ဆင်ပါသည်။

(၂၃) အခန်း(၅) ကို အခန်း(၄) အဖြစ်ပြောင်းလဲပြင်ဆင်၍လည်းကောင်း၊ အပိုဒ် ၂၄ အား အပိုဒ် ၁၉ အဖြစ် ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အောက်ပါအချက်များကို လိုက်နာရမည် စကားရပ်အား ပယ်ဖျက်ပါသည်။

(၂၄) အပိုဒ် ၂၄ အပိုဒ်ခွဲ(က)အား အပိုဒ် ၁၉ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ဗုဒ္ဓဘာသာဝင်မိန်းမအား ယင်းသက်ဝင်ယုံကြည်သည့်ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုရမည်ဟု ပြင်ဆင်ပါသည်။

(၂၅) အပိုဒ် ၂၄ အပိုဒ်ခွဲ(ခ)အား အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ရရှိသည့်သားသမီးများအား ယင်းတို့ သဘောဆန္ဒအတိုင်း သက်ဝင်ယုံကြည်ရာဘာသာကို လွတ်လပ်စွာကိုးကွယ် ခွင့်ပြုရမည်ဟု ပြင်ဆင်ပါသည်။

(၂၆) အပိုဒ် ၂၄ အပိုဒ်ခွဲ (ဂ)အား အပိုဒ် ၁၉ အပိုဒ်ခွဲ(ဂ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ခွင့်ပြုခြင်း စကားရပ်အား ခွင့်ပြုရမည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၂၇) အပိုဒ် ၂၄ အပိုဒ်ခွဲ(ဃ)အား အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ခွင့်ပြုရခြင်း စကားရပ်အား ခွင့်ပြုရမည်ဟု ပြင်ဆင်ပါသည်။

(၂၈) အပိုဒ် ၂၄ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ်ခွဲ(ဆ)တို့အား အပိုဒ် ၁၉ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)နှင့် အပိုဒ်ခွဲ(ဆ) တို့အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတို့ရှိ မပြုရခြင်း စကား ရပ်အား မပြုရဟု ပြင်ဆင်ပါသည်။

(၂၉) အပိုဒ် ၂၅ အား အပိုဒ် ၂၀ အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အပိုဒ် ၂၄ စကားရပ်အား အပိုဒ် ၁၉ ဟု ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၂၅ အပိုဒ်ခွဲ(က)အား အပိုဒ် ၂၀ အပိုဒ်ခွဲ(က) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ နှစ်ဦးပိုင်ပစ္စည်းများ စကားရပ်အား လင်မယားနှစ်ဦးပိုင်ပစ္စည်းများဟု ပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၂၅ အပိုဒ်ခွဲ(ခ)အား အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ထိန်းသိမ်းခွင့် စကားရပ်အား အုပ်ထိန်းခွင့်ဟု ပြင်ဆင်သဖြင့် ဤဥပဒေတွင်ပါရှိသော ထိန်းသိမ်းခွင့် စကားရပ်များအား အုပ်ထိန်းခွင့်ဟု အသီးသီးပြင်ဆင်ပါသည်။

(၃၂) အခန်း(၆)အား အခန်း(၅) အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းခေါင်းစဉ်အား ထမ်းမြားခဲ့ သည်ဟု မှတ်ယူရခြင်းဟု ပြင်ဆင်ပါသည်။

(၃၃) အပိုဒ် ၂၆ အား အပိုဒ် ၂၁ အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးတို့ ပေါင်းဖက်နေထိုင် ပြုမူကြပုံသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးမြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်မယား အရာမြောက်မည့် ပေါင်းဖက်နေထိုင်ပြုမူကြပုံမျိုးဖြစ်လျှင်ဟု ပြင်ဆင်ပါသည်။

(၃၄) အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ) ရှိ ပုဒ်မ ၁၉ စကားရပ်အား ပုဒ်မ ၁၄ ဟုလည်းကောင်း၊ ပုဒ်မ ၂၀ နှင့် ၂၁ စကားရပ်အား ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ ဟု အသီးသီးပြင်ဆင်ပါသည်။

(၃၅) အခန်း(၇) အား အခန်း(၆) အဖြစ်လည်းကောင်း၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(က)အား အပိုဒ် ၂၂ အပိုဒ်ခွဲ(က) အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ မှတ်ပုံတင်အရာရှိသည် သတင်း ပေးချက်ကို ရေးမှတ်ထားပြီး သတင်းပေးသူကို လက်မှတ်ရေးထိုးစေရမည် စကားရပ် မှာ မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

**မူကြမ်း**

(၃၆) အပိုဒ် ၂၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁) အား အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁) အဖြစ် ပြောင်းလဲပြင်ဆင်၍ ယင်းအပိုဒ်ခွဲငယ်ရှိ ဆင့်ခေါ်ခြင်းပြုရမည် စကားရပ်အား ဆင့်ခေါ် ရမည်ဟု အသီးသီးပြင်ဆင်ပါသည်။

(၃၇) အပိုဒ် ၂၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂) အား အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂) အဖြစ် ပြောင်းလဲပြင်ဆင်၍ ယင်းအပိုဒ်ခွဲငယ်ရှိ ပုဒ်မ ၁၉ စကားရပ်အား ပုဒ်မ ၁၄ ဟုလည်းကောင်း၊ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၁ စကားရပ်အား ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ ဟု အသီးသီးပြင်ဆင်ပါသည်။

(၃၈) အပိုဒ် ၂၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃) အား အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃) အဖြစ် ပြောင်းလဲပြင်ဆင်၍ ယင်းအပိုဒ်ခွဲငယ်ရှိ ပုဒ်မ ၁၆ စကားရပ်အား ပုဒ်မ ၁၁ ဟု ပြင်ဆင်ပါသည်။

(၃၉) အပိုဒ် ၂၇ အပိုဒ်ခွဲ(ဂ) အား အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ) အဖြစ်ပြင်ဆင်၍ ယင်းအပိုဒ်ခွဲအား အခြားတည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ တရားရုံးသည် အစီရင်ခံစာကို ရရှိသောအခါ နည်းလမ်းတကျစွဲဆိုသည့် တရားမအထွေထွေမှုဖြစ်ဘိသကဲ့သို့ နှစ်ဘက် အမှုသည်များကိုလည်းကောင်း၊ ၎င်းတို့ တင်ပြသည့် သက်သေခံချက်ကိုလည်းကောင်း စစ်ဆေးကြားနာပြီးနောက် ထိုသူတို့သည် ပုဒ်မ ၂၁ ပုဒ်မခွဲ (က) အရ လင်မယား ဟုတ်/ မဟုတ် အမိန့်ချမှတ်ရမည်။ စရိတ်နှင့်စပ်လျဉ်း၍ တရားရုံးက သင့်သည်ထင်မြင်သည့် အမိန့်ကို ချမှတ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၄၀) အပိုဒ် ၂၇ အပိုဒ်ခွဲ(စ) အား အပိုဒ် ၂၂ အပိုဒ်ခွဲ(စ) အဖြစ်ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၂၆ ပုဒ်မခွဲ(က) စကားရပ်အား ပုဒ်မ ၂၁ ပုဒ်မခွဲ(က) ဟုလည်းကောင်း၊ ဆုံးဖြတ်လျှင် စကားရပ်အား အမိန့်ချမှတ်လျှင် ဟု လည်းကောင်း၊ ပုဒ်မ ၂၁ စကားရပ်အား ပုဒ်မ ၁၆ ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(၄၁) အပိုဒ် ၂၇ အပိုဒ်ခွဲ(ဆ) အား အပိုဒ် ၂၂ အပိုဒ်ခွဲ(ဆ) အဖြစ်ပြင်ဆင်၍ ယင်း အပိုဒ်ခွဲအား မြို့နယ်တရားရုံးက ချမှတ်သောအမိန့်ကို စီရင်ပိုင်ခွင့်ရှိသည့် ခရိုင်တရားရုံးသို့ အယူခံဝင်ခွင့် ရှိစေရမည်။ ခရိုင်တရားရုံးက ချမှတ်သောအမိန့်သည် အပြီးသတ် ဖြစ်စေရမည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၄၂) အခန်း(၈) အား အခန်း(၇) အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ခေါင်းစဉ်ကို ထိမ်းမြားရန် ကတိပြုသည်ဟု မှတ်ယူရခြင်းဟု ပြင်ဆင်ပါသည်။

(၄၃) အပိုဒ် ၂၉ အား အပိုဒ် ၂၄ အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ခွဲခွာပြီးဟု စကားရပ်အား ခွဲခွာခဲ့ပြီးဖြစ်သည်ဟု ပြင်ဆင်ပါသည်။

(၄၄) အခန်း(၉) အား အခန်း(၈) အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ခေါင်းစဉ်ကို ပစ္စည်း ပိုင်ဆိုင်ခွင့်နှင့်အိမ်ထောင်ရေးကိစ္စများကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ခြင်းဟု ပြင်ဆင်ပါသည်။

(၄၅) အခန်း(၉) အပိုဒ် ၃၀ အား အပိုဒ် ၂၅ အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ကိစ္စအားလုံးသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ စကားရပ်အား ကိစ္စအားလုံးကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရဟု ပြင်ဆင်ပါသည်။

(၄၆) အပိုဒ် ၃၁ အား အပိုဒ် ၂၆ အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ကို လင်မယားကွာရှင်းမှု၊ ပစ္စည်းခွဲဝေမှုနှင့် သားသမီးထိန်းသိမ်းမှုတို့နှင့်သက်ဆိုင်သည့် မြန်မာဓလေ့ထုံးတမ်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ထိမ်းမြားကြသူ သို့မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့အပေါ် အာဏာသက်ရောက်ရမည်ဟု ပြင်ဆင်ပါသည်။

(၄၇) အပိုဒ် ၃၂ အား အပိုဒ် ၂၇ အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဘာသာရေး၊ ဓလေ့ထုံးတမ်းတစ်ခုခုကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်ကဖြစ်စေ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးအား ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးနှင့် လင်မယားအဖြစ်ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ယောကျ်ားက မိန်းမကို ကွာရှင်းလိုလျှင် ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် ယောကျ်ားက မိန်းမကို ကွာရှင်းလျှင် သို့မဟုတ် စွန့်ခွာလျှင် သို့မဟုတ် ကိုယ်ထိလက်ရောက် ညှင်းပန်းနှိပ်စက်ရာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့်အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုလျှင် အဆိုပါဓလေ့ထုံးတမ်းက သို့မဟုတ် ဥပဒေက မည်သို့ပင်ဆိုစေကာမူဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၄၈) အပိုဒ် ၃၃ အား အပိုဒ် ၂၈ အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်အား ဗုဒ္ဓဘာသာဝင်မဟုတ်သော နိုင်ငံသားမိန်းမတစ်ဦးသည် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားနှင့် လင်မယားအဖြစ် ပေါင်းဖက်နေစဉ် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်လျှင် ယင်းတို့သည် ဤဥပဒေအရ ထိမ်းမြားဘိသကဲ့သို့ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များသည် ၎င်းတို့နှင့်သက်ဆိုင်ရမည်ဟု ပြင်ဆင်ပါသည်။

(၄၉) အပိုဒ် ၃၄ အား အပိုဒ် ၂၉ အဖြစ် ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ သို့ရာတွင် စကားရပ်နှင့် ထိုသို့သော ဘာသာရေးဓလေ့ထုံးတမ်းကို အကျိုးသက်ရောက်စေသည့် စကားရပ်တို့ကို ပယ်ဖျက်ပါသည်။

(၅၀) အပိုဒ် ၃၄ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(ကက)အား အပိုဒ် ၂၉ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁) အဖြစ်လည်းကောင်း၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(ခခ)အား အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂) အဖြစ်လည်းကောင်း၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(ဂဂ)အား အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃) အဖြစ်လည်းကောင်း အသီးသီး ပြောင်းလဲအမှတ်စဉ်ပါသည်။

(၅၁) အပိုဒ် ၃၅ အား အပိုဒ် ၃၀ အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၃၁ မှ ပုဒ်မ ၃၄ အထိ စကားရပ်အား ပုဒ်မ ၂၆ မှ ပုဒ်မ ၂၉ အထိဟု ပြင်ဆင်ပါသည်။

(၅၂) အပိုဒ် ၃၆ အား အပိုဒ် ၃၁ အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ဖွားမြင်သော စကားရပ်အား မွေးဖွားသောဟု ပြင်ဆင်ပါသည်။

(၅၃) အခန်း(၁၀) အား အခန်း(၉) အဖြစ်ပြင်ဆင်ပြီး အပိုဒ် ၃၇ ကို အပိုဒ် ၃၂ အဖြစ် ပြောင်းလဲပြင်ဆင်၍ ယင်းအပိုဒ်အား ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၃ အရ ကန့်ကွက်ခြင်းသည် သဘောရိုးနှင့် ကန့်ကွက်ခြင်းမဟုတ်ဟု တရားရုံးက စစ်ဆေးပေါ်ပေါက်လျှင် ကန့်ကွက်သူကို ကျပ်ငါးသိန်းထက်မပိုသည့် ဒဏ်ငွေပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၅၄) အပိုဒ် ၃၈ အား အပိုဒ် ၃၃ အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားသည် ပုဒ်မ ၂၉ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်

ခြင်းခံရလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၅၅) အပိုဒ် ၃၉ အား အပိုဒ် ၃၄ အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားသည် ပုဒ်မ ၂၉ ပုဒ်မခွဲ(င)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၅၆) အပိုဒ် ၄၀ အား အပိုဒ် ၃၅ အဖြစ်ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားသည် ပုဒ်မ ၂၉ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဆ)ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် ဟု ပြင်ဆင်ပါသည်။

(၅၇) အပိုဒ် ၄၁ အား အပိုဒ် ၃၅ တွင် တစ်ပေါင်းတည်း ပြင်ဆင်ပြီးဖြစ်၍ ပယ်ဖျက်ပါသည်။

(၅၈) အပိုဒ် ၄၂ အား အပိုဒ် ၃၆ အဖြစ် ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ကို မည်သူမဆို ဤဥပဒေအရ သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် မဟုတ်မမှန်သည်လည်းဖြစ် ၍ မဟုတ်မမှန်ဟု မိမိသိသည်လည်းဖြစ်သော သို့မဟုတ် ယုံကြည်သည်လည်းဖြစ် သော ဖော်ပြချက်ကိုသော်လည်းကောင်း၊ သက်သေခံလက်မှတ်ကိုသော်လည်းကောင်း ပြုလုပ်လျှင် သို့မဟုတ် လက်မှတ်ရေးထိုးလျှင် သို့မဟုတ် မှန်ကန်ကြောင်း သက်သေခံ လျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၅၉) အပိုဒ် ၄၃ အား အပိုဒ် ၃၇ အဖြစ် ပြောင်းလဲပြင်ဆင်ပြီး ယင်းအပိုဒ်ကို မှတ်ပုံတင် အရာရှိသည် ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၁)နှင့် ပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ) ပုဒ်မခွဲငယ်(၂)ပါ ပြဋ္ဌာန်းချက် တစ်ခုခုနှင့်ဆန့်ကျင်၍ ထိမ်းမြားပေးလျှင် ထိုအရာရှိကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ၅၀၀၀၀ ကျပ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ် စေ ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၆၀) အပိုဒ် ၃၈ အဖြစ် ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးပိုင်သော ပြစ်မှုများအဖြစ် မှတ်ယူရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

၆။ သို့ဖြစ်ပါ၍ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ။ အားလုံး ကျေးဇူးတင်ပါတယ်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၇-၂-၂၀၁၅ ရက်နေ့ ၁၆:၃၀ နာရီနောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့သော လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ အမျိုးသားလွှတ်တော်တွင်စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းကို ၁၉-၂-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိပါသည်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူများကိုလည်း ဖြန့်ဝေထားပြီး ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတင်သွင်းသည့် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းလာသော အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက် မြောက်နေ့ဖြစ်သော ၁၉-၂-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခဲ့ခြင်းကိုပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်း အရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၃-၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ချက်အဆိုတင်သွင်း လာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောတူမတူသူမရှိတဲ့အတွက် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်းနဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်နည်းဥပဒေဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးကြေညာပါတယ်။(သြဘာသံများ)

မူကြမ်း

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]